ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်နေ့၊ ကြာသပတေးနေ့ (25 - 4 - 2013) (၇၄၆၁)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် နေ့အပူချိန်များ

၂၄-၄-၂၀၁၃

ချောက်
၄၃ ဒီဂရီစင်တီဂရိတ်

အောင်လံ
၄၂ ဒီဂရီစင်တီဂရိတ်

တောင်တွင်းကြီး
၄၂ ဒီဂရီစင်တီဂရိတ်

ကြို့ပင်ကောက်
၄၂ ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ကျင်းပမည့်(၂၂)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့မွန်းတည့် ၁၂ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးသိန်းညွန့်၊ ဦးအုန်းမြင့်၊ ဦးညဏ်ထွန်းအောင်၊ ဦးဝင်းမြင့်၊ ဒေါက်တာမြင့်အောင်နှင့် ဒေါက်တာကိုကိုဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

လိုက်ပါသွား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်းနှင့် ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဇင်ယော်၊ ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ ဒေါ်စန္ဒာခင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ လမ်း၊ တံတားများ တိုးတက်ရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

ရွှေဘို-ကျောက်မြောင်း ကတ္တရာလမ်း တိုးချဲ့ဆောင်ရွက်ပြီးစီးမှု၊ ဧရာဝတီတံတား (ရတနာသီယံ) တည်ဆောက်ရေးစီမံကိန်း၌ **(ဝဲပုံ)** သံပေါင်တပ်ဆင်နေမှု၊ သံပေါင်များ ပြုပြင် ဆောင်ရွက်နေမှု၊ RP3 နှင့် RP2 ကြား သံပေါင်တပ်ဆင်နေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လှိုင်သည် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စဉ့်ကူးဘက်ကမ်း ချဉ်းကပ်လမ်း ပြန်လည်ပြုပြင်နေမှုနှင့် စဉ့်ကူး-မတ္တရာ-မန္တလေး ကတ္တရာလမ်း အခြေအနေ၊ မန္တလေးမြို့ ပင်မအလုပ်ရုံ(မြောက်)၌ ထုတ်လုပ်ရေးဌာနခွဲမှ ထုတ်လုပ်သည့် ကတ္တရာဖျန်းစက်နှင့် သုံးတန်တုန်ခါသမ်းကြိတ်စက်အသေး စမ်းသပ်မောင်းနှင်နေမှုနှင့် အလုပ်ရုံတွင် ပြင်ဆင်နေသည့်စက်၊ ယန္တရားများ၊ ရန်ကုန်-မန္တလေး အမြန်လမ်း(စကားအင်း-တံခွန်တိုင်)အပိုင်း အသွား/အပြန် လမ်းနှစ်ဖက် မြေထိန်း နံရံတည်ဆောက်နေမှု၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရေး Guard Rail များနှင့် Barrier တုံးများ တပ်ဆင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့

မာတိကာ

ခရမ်းလွန်ရောင်ခြည်ဆိုသည်မှာ . . . — စာမျက်နှာ - ၆

ဟယ်လို . . . ကြောင့် ပြည်သူတွေပျော်ရွှင်ရပြီ — စာမျက်နှာ - ၉

စားသုံးသူအခွင့်အရေး — စာမျက်နှာ - ၁၁

ကြေးမုံ စာတည်းရှုထောင့် **၂၅-၄-၂၀၁၃၊ ကြာသပတေးနေ့**

တိုးတက်သောတိုင်းပြည်

ဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်တည်ဆောက်ရာ၌ ခေတ်မီအတတ်ပညာ၊ နည်းပညာများ တတ်မြောက်ကျွမ်းကျင်သည့် လူသားအရင်းအမြစ် များစွာ လိုအပ်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူ့အရင်းအမြစ်များ ပေါများသဖြင့် ချမ်းသာကြွယ်ဝကြသည်ကို ဒိဋ္ဌမမြင်တွေ့ရသည်။

အရာရာကို လူတို့ကသာဖန်တီးကြသည်။ လူသာပဓာနဟုဆိုကြသည်။ ထိုလူမှာ အတတ်ပညာရှင်၊ အသိပညာရှင် လူသားအရင်းအမြစ်များ ဖြစ်သည်။ လောကုတ္တရာစကားအရ သံသေတစ်(ပြည်)ပြေဝဟု ဆိုကြရာ၌ ချမ်းသာသော နိုင်ငံများအဖို့ သိဒ္ဓိပေါက်၍ အလိုအလျောက် ကြွယ်ဝလာခြင်းမဟုတ်ဘဲ အနီးပညာရှင်များ၏ စွမ်းပကားများကြောင့် တစ်ပြည်လုံးပြည့်ဝလာခြင်း ဖြစ်သည်။

ထို့ကြောင့် ပညာဟူသည် အရာရာကို ဖန်တီးနိုင်စွမ်းရှိသည့် အဖိုးအနဂ္ဃ ထိုက်တန်သော သိဒ္ဓိတစ်ပါးဟု တင်စားနိုင်ပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ ဧရိယာထက် ထက်ဝက်သာသာမျှကျယ်ဝန်းသည့် သံသေတစ်ပြည်ဝဟု ဆိုရသော အနောက်ဘက်မှ ဗြိတိန်နှင့် အရှေ့ဘက်မှ ဂျပန်နိုင်ငံတို့သည် အလိုအလျောက် ကြွယ်ဝချမ်းသာသော နိုင်ငံများမဟုတ်ပါ။

နိုင်ငံပင်ငယ်သော်လည်း များပြားလှသည့် နိုင်ငံ့လူဦးရေအနက် အများစုမှာ အတတ်ပညာရှင်၊ အသိပညာရှင်များ ဖြစ်နေပြီး ရရှိလာသည့် အရင်းအမြစ်ကို ထိထိရောက်ရောက် အသုံးချနိုင်သဖြင့် ချမ်းသာကြွယ်ဝလာသည်ဟု ဆိုနိုင်ပါသည်။

ကျွန်ုပ်တို့နိုင်ငံအဖို့မူ စိုက်ပျိုးနိုင်သည့် မြေရှိသည်၊ ရေရှိသည်၊ သစ်တောများလည်းရှိသည်။ သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ ပေါများကြွယ်ဝသည်။ အခြားတိုင်းပြည်များနှင့်နှိုင်းယှဉ်လျှင် နယ်မြေကျယ်လွန်းခြင်း၊ ကျဉ်းလွန်းခြင်းမရှိဘဲ နိုင်ငံ၏လူဦးရေနှင့် သင့်တင့်လျောက်ပတ်သည့် အကျယ်အဝန်းရှိသည်။ ထိုကောင်းမွန်သောအနေအထားများကြောင့် စီးပွားရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများရှိသည့် နိုင်ငံဖြစ်သည်။

အချို့နိုင်ငံများကို ပြန်ကြည့်လျှင် နိုင်ငံကျယ်ဝန်းသော်လည်း သယံဇာတ နည်းပါးသောနိုင်ငံများ၊ နိုင်ငံကျဉ်းမြောင်းသော်လည်း သယံဇာတကြွယ်ဝသော နိုင်ငံများဟူ၍ မမျှမတဖြစ်နေသောအနေအထားများကိုလည်း မြင်တွေ့ခဲ့ပြီးဖြစ်သည်။

ထိုပကတိဖြစ်ပေါ်နေသည်များကိုအခြေခံလျှင် နယ်မြေကျယ်ဝန်းခြင်း၊ ကျဉ်းမြောင်းခြင်းထက် တိုင်းသူပြည်သားတို့၏ စားဝတ်နေရေးဖူလုံရေးနှင့် ကြီးပွားတိုးတက်ရေးအတွက် သဘာဝအခြေအနေများ ကောင်းမွန်ခြင်းက ပို၍အရေးပါသည်ကို တွေ့ရပေသည်။

ထိုထက်ပို၍ အဓိကကျပြီး အရေးကြီးသည့်အချက်မှာ လူ့စွမ်းအားအရင်းအမြစ်များ နိုင်ငံအတွင်း တည်ရှိနေခြင်းဖြစ်သည်။ ပညာတတ်အရင်းအမြစ်ရှိခြင်းမှာ နိုင်ငံကြီးသည်၊ ငယ်သည်မှာပဓာနမကျဘဲ တန်ဖိုးမှာ ကြီးမားလှသည်ကို ဖော်ပြပါနိုင်ငံများက သက်သေပြလျက်ရှိသည်။

ပုစွန်ဆိတ်လေးငယ်ငယ် ပင်လယ်ကူးတတ်သည် ဆိုသကဲ့သို့ တန်ဖိုးရှိလှသည့် ပညာရှိတို့မှာ မည်မျှငယ်ပင်ငယ်ငြားသော်လည်း ကြီးမားကျယ်ပြန့်သော အလုပ်ကိုလုပ်နိုင်ပေသည်။ ယခုကျွန်ုပ်တို့နိုင်ငံတွင် ထိုပညာရှိတို့ နည်းပါးနေပါသေးသည်။ အရင်းအမြစ်မည်မျှ ပေါများကြွယ်ဝသော်လည်း အတတ်ပညာမရှိလျှင် ဖောင်စီးရင်း ရေငတ်မည်သာ ဖြစ်သည်။

သာဓကအားဖြင့် သစ်တောကြီးတစ်ခုလုံးခုတ်ရောင်းခြင်းနှင့် နည်းပညာပစ္စည်းတစ်ခု ထုတ်လုပ်ရောင်းချခြင်းတို့မှာ ညီမျှသဖြင့် အတတ်ပညာရှင်တို့ ရှိခြင်း၏တန်ဖိုးမှာ ကြီးမားလှသည်။

ထို့ကြောင့် သယံဇာတလည်းရှိ၊ အတတ်ပညာလည်းရှိသည့် တိုးတက်သော တိုင်းပြည်ဖြစ်အောင် စွမ်းဆောင်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း၌ လမ်း၊ တံတားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လှိုင်သည် ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်နှင့်အတူ ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် ကလေး-သိုင်းငင်းလမ်းအပိုင်းအား ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်အမှတ်(၂၇/၅)နှင့် (၂၇/၆)အကြားတွင် ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၂၈/၇)နှင့် (၂၉/၁)ကြားတွင် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ သိုင်းငင်း-တီးတိန်လမ်းနှင့် တီးတိန်-ရိဒ်လမ်းအပိုင်း ပြုပြင်ထိန်းသိမ်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ မံဆောင်းတံတားကြံ့ခိုင်မှု **(ယာပုံ)**၊ ချင်းပြည်နယ်၏နယ်စပ်မြို့ဖြစ်သော ရိခေါဒါရ်မြို့နယ်ခွဲအတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်ခွဲရုံးဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟားခါး-ဖလမ်းလမ်းပိုင်းအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင်အမှတ်(၆၈/၅)ရှိ ဗားရ်တံတားကြံ့ခိုင်မှု၊ မိုင်တိုင်အမှတ်(၆၇/၃)တွင် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကလေးမြို့တွင်းလမ်း (ကလေးတက္ကသိုလ်)အထိ လမ်းချဲ့ခြင်း၊ ကတ္တရာခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့တွင်းလမ်းဖြစ်သည့်အတွက် ကတ္တရာလမ်းအမြန်ပြီးစီးရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ကလေး-ကလေးဝလမ်းပေါ်ရှိ တံတားများ၏ ကြံ့ခိုင်မှု၊ မိုင်တိုင်အမှတ်(၁၁/၆)ရှိ ယခင်ဘေလီတံတားဟောင်း နေရာတွင် ရေနံချောင်းတံတားအသစ် အစားထိုးတည်ဆောက်မည့် တံတားလျာထားနေရာနှင့် မိုင်တိုင်အမှတ်(၆/၄)ရှိ ဘေလီတံတားဟောင်းနေရာတွင် ဝရဲချောင်းတံတားအသစ် တည်ဆောက်မည့် လျာထားနေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တံတားနေရာရွေးချယ်ရာတွင် သေသေချာချာရွေးချယ်သတ်မှတ်ရန်၊ လုပ်ငန်းအမြန်ဆုံး စတင်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ကလေးဝ-ကျီကုန်း-တမူးလမ်း(ကလေးဝ-ကျီကုန်းလမ်းအပိုင်း) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၂/၁)နှင့် (၂/၂)ကြား မြေနိမ့်ကျွံသည့်နေရာတွင် ကွန်ကရစ်ရေပြွန်နှင့် မြေထိန်းနံရံတည်ဆောက်နေမှု၊ ရေဦး-ကလေးဝလမ်းနှင့် တံတားများ၊ Box Culvert များ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေရာသီဖိတ်ခေါ် 3 on 3 ဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၃ ခုနှစ် နွေရာသီဖိတ်ခေါ် 3 on 3 ဘတ်စကက်ဘောပြိုင်ပွဲကို မေ ၁၁ ရက်မှ ၁၃ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီးအလွတ်တန်း၊ အသက်(၁၆)နှစ်အောက်နှင့် အသက်(၁၈)နှစ်အောက် အမျိုးသား အမျိုးသမီး ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း တစ်သင်းလျှင် လေးဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်သည်။ အသက်(၁၆)နှစ်အောက် ပြိုင်ပွဲအတွက် ၁၉၉၇ ခုနှစ်နှင့်နောက်ပိုင်း မွေးဖွားသူဖြစ်ရမည်ဖြစ်ပြီး အသက်(၁၈)နှစ်အောက်ပြိုင်ပွဲအတွက် ၁၉၉၅ ခုနှစ်နှင့်နောက်ပိုင်း မွေးဖွားသူများ ဖြစ်ရမည်ဖြစ်သည်။

အသက်(၁၆)နှစ်အောက်ပြိုင်ပွဲနှင့် အသက်(၁၈)နှစ်အောက် ပြိုင်ပွဲအတွက် မှတ်ပုံတင်မိတ္တူ ပူးတွဲတင်ပြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများအား တစ်သင်းလျှင် ငွေကျပ် ၄၀၀၀၀စီ ထောက်ပံ့မည်ဖြစ်ပြီး ပြိုင်ပွဲကာလအတွင်း တည်းခို၊ နေထိုင်၊ စားသောက်စရိတ်များကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ ကျခံဆောင်ရွက်သွားမည်ဖြစ်ရာ အသေးစိတ် သိရှိလိုပါက ဘတ်စကက်ဘောအဖွဲ့ချုပ် ဖုန်း ၀၁-၅၅၆၉၅၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၄

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ နိုင်ငံတကာဆက်ဆံရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ ပိုမိုကာကွယ်စောင့်ရှောက်ရေး၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာကဏ္ဍရပ်များတွင် ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများတွင် မြန်မာ့လွှတ်တော်၏ အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်အောင်မြင်မှုအခြေအနေများ၊ အနာဂတ်ကာလတွင် UNICEF အနေဖြင့် မြန်မာ့လွှတ်တော်နှင့်ပူးပေါင်းကာ မြန်မာနိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုတိုးချဲ့ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မုံရွေးကျေးရွာ၌ ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

မုံရွာ မေ ၂၄

ပညာရေးပြုပြင်ပြောင်းလဲမှု နိုင်ငံလုံးဆိုင်ရာကွန်ရက်၏ ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီတွင် မုံရွာမြို့နယ် မုံရွေးကျေးရွာရှိ ရတနာမာန်အောင်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ဒေါက်တာသန့်လွင်မောင် (ခ) ကိုတာ၊ ဒေါက်တာသိန်းလွင်နှင့် မုံရွာအောင်ရှင်တို့က ဟောပြောဆွေးနွေးကြမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ **အောင်သိုက်**

ပြည်နဝဒေးတံတားအနီး လှုယက်ခံရ၍ တစ်ဦးသေဆုံး

ရန်ကုန် မေ ၂၄

ပြည်မြို့ နဝဒေးတံတားအနီးတွင် စုံတွဲတစ်တွဲ လုယက်ခံခဲ့ရရာမှ တစ်ဦးသေဆုံးသွားရသောဖြစ်ရပ်တစ်ခု မေ ၂၃ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက်ည ၈ နာရီခွဲခန့်တွင် အဆိုပါနဝဒေးတံတားအနီးတွင် အမျိုးသားသုံးဦးသည် စုံတွဲတစ်တွဲထံမှ လုယက်သည်ဟု သိရပြီး ၎င်းစုံတွဲမှ ယောကျ်ားလေးဖြစ်သူသေဆုံးသွားပြီး မိန်းကလေးဖြစ်သူမှာ ဒဏ်ရာရရှိကာ ဆေးရုံတွင် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။ ထိုဖြစ်စဉ်ကြုံတွေ့စဉ် မိန်းကလေးဖြစ်သူက ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံပြီး ရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပြစ်မှုကျူးလွန်သည်ဟု တိုင်ကြားခံရသူများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွက် ပြည်ရဲစခန်းက ပ-၂၉၄/၂၀၁၃၊ ပုဒ်မ ၃၀၂၊ ၃၉၂ တို့ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **(၆၈၀)**

တန်ဖိုးနည်းဖုန်းများရောင်းချ

ရန်ကုန် မေ ၂၄

တန်ဖိုးနည်း CDMA ကျပ် ၁၅၀၀ တန် ဆင်းကတ်များကို မေ ၂၄ ရက်နေ့မှ စတင်၍ ရောင်းချရာ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ်(၈) ရပ်ကွက်မှ ဖုန်းလျှောက်ထားသူများအား သာသနာ့ရက်ိတမော်ရုံ၌ မဲစနစ်ဖြင့် ဆင်းကတ် ၁၆၅ ကတ် ရောင်းချပေးခဲ့သည်။ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တစ်ခုလုံး ဆင်းကတ် ၂၀၀၀ ကို ရပ်ကွက်များသို့ အချိုးကျခွဲဝေခဲ့ကြောင်း သိရသည်။ **(၅၉၃)**

မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ စည်းဝေး

နေပြည်တော် မေ ၂၄

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်တွင် မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မှုများ၏ လစဉ် ဖွံ့ဖြိုးတိုးတက်မှုများအပေါ် အခြေခံ၍ ရှေ့လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ရန် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုတကဏ္ဍကြီး တစ်ခုလုံးကို ရည်မှန်းချက်များအတိုင်း ထိရောက်အောင်မြင်စွာ ဆက်လက်လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ ရရှိပြီးဖြစ်သည့် မွေးမြူရေးကဏ္ဍစီမံကိန်းဆောင်ရွက်မှုများ၏ အတွေ့အကြုံများကို အခြေခံ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့နယ်တစ်မြို့နယ်တွင် စံပြမွေးမြူရေးဇုန်ထူထောင်ရေးအတွက် ဝိုင်းဝန်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မေ ၂၃ ရက် နံနက် ၉ နာရီတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ (၃/၂၀၁၃) အစည်းအဝေးတွင် ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ကော်မတီအလိုက်လုပ်ငန်းဆောင်ရွက်မှုများ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင်း ခုံးကျော်တံတားအသစ်နှစ်စင်း တည်ဆောက်ရန် အသေးစိတ်မှတ်တမ်းများ ပြုစုဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့တွင်း ခုံးကျော်တံတား အသစ်နှစ်စင်း တည်ဆောက်ရန် အစီအစဉ်ရှိကြောင်း သိရသည်။ ထိုခုံးကျော်တံတားနှစ်စင်းကို မြေနီကုန်းလမ်းဆုံနှင့် ရစ်မိုင်လမ်းဆုံနေရာတို့တွင် တည်ဆောက်နိုင်ရန်လျာထားကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကုမ္ပဏီတစ်ခုအား တံတားနှစ်စင်းအတွက် ကွင်းဆင်းစစ်ဆေးမှတ်တမ်းပြုစု ကောက်ခံနိုင်ရေးအတွက် လွန်ခဲ့သော တစ်လခန့်က ခွင့်ပြုဆောင်ရွက်စေခဲ့ကြောင်း သိရသည်။ ထိုလမ်းဆုံများတွင် ယာဉ်သွားလာမှုမှတ်တမ်းကို နေ့စဉ် အချိန်ပိုင်းများခွဲ၍သော်လည်းကောင်း၊ ရုံးဖွင့်ရက်၊ ရုံးပိတ်ရက်၊ နေ့ကြီး၊ ရက်ကြီးများအလိုက် ယာဉ်သွားလာမှု အသေးစိတ်မှတ်တမ်းများပြုစုပြီး နောင်ဖြစ်လာမည့် နှစ်ထပ်ကားကြီးများ၊ မြေအောက်ရထားများ၊ မြေပေါ်ရထားများအတွက်ပါ တွက်ချက်ပြီးမှသာ ဆောင်ရွက်နိုင်မည့် တံတားပုံစံရေးဆွဲရမည်ဖြစ်ကြောင်း၊ အားလုံးပြီးစီးပါက အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်မှတ်တမ်းများ ပြုစုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဌေးအောင်)

တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(လယ်ဝေး)တွင် သုည ဒသမ ၅၉ လက်မ၊ ကျိုက်မီမြို့တွင် သုည ဒသမ ၄၃ လက်မနှင့် ကသာ မြို့တွင် သုည ဒသမ ၃၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ဝင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှင့်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နိုင်ငံခြားသတင်း

မြောက်ကိုရီးယား နျူကလီးယား စမ်းသပ်ဖွယ်ရှိဟု တရုတ်ပြောကြား

ပေကျင်း ဧပြီ ၂၄

မြောက်ကိုရီးယားနိုင်ငံ၏ လေးကြိမ်မြောက်နျူကလီးယားစမ်းသပ်မှုမှာ ဖြစ်လာဖွယ်ရာရှိကြောင်း၊ ယင်းသည် ပြုယမ်းနှင့် အခြားဒေသဆိုင်ရာ အဖွဲ့အစည်းများအကြား ဆွေးနွေးပွဲများ ပြန်လည်ကျင်းပရေး လိုအပ်လျက်ရှိနေသည်ကို ထင်ရှားစွာညွှန်ပြနေပြင်းပြင်ကြောင်း တရုတ်ထိပ်တန်း ဗိုလ်ချုပ်ကြီးတစ်ဦးက ပြောကြားသည်ဟု အင်္ဂါနေ့အေပီသတင်းတွင် ဖော်ပြသည်။

စစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ်ကြီး ဖန်ဖန်ဟွေက မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်ကိုပေကျင်းက အခိုင်အမာဆန့်ကျင်ကြောင်း၊ အဆိုပါ အစီအစဉ် အဆုံးသတ်ရေးအတွက် အခြားအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရန်ဆန္ဒရှိကြောင်း ပြောကြားသည်။

ကိုရီးယားနှစ်နိုင်ငံ၊ တရုတ်၊ ရုရှား၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ပါဝင်သည် အချိန်ကာလကြာမြင့်စွာ ရပ်တန့်နေသော လက်နက်ဖျက်သိမ်းရေးဆွေးနွေးပွဲကို ပြန်လည်ကျင်းပရန် ပေကျင်းက လိုလားကြောင်း ၎င်း ဗိုလ်ချုပ်ကြီးက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ နျူကလီးယား စမ်းသပ်မှု ရပ်ဆိုင်းရေးနှင့် နျူကလီးယားလက်နက်ထုတ်လုပ်မှုကို ရပ်ဆိုင်းသွားစေရေးအတွက် အတူတကွ တက်ကြွစွာ ဆောင်ရွက်ကြရန် အဖွဲ့အားလုံးအား မေတ္တာရပ်ခံကြောင်း၊ ဆွေးနွေးခြင်းသည်သာ မှန်ကန်သော အဖြေဖြစ်မည်ဟု ယုံကြည်ကြောင်း ဗိုလ်ချုပ်ကြီးက သတင်းထောက်များအား ပြောကြားခဲ့သည်။

ပေကျင်းအနေဖြင့် မြောက်ကိုရီးယားသည် မည်သည့်အချိန်တွင် နျူကလီးယားစမ်းသပ်မည်ဟု ထင်မြင်ကြောင်းနှင့် အခြားအသေးစိတ်အချက်အလက်များကိုမူ ဖန်က ပြောကြားခဲ့ခြင်း မရှိပေ။

ပြုယမ်းနှင့် တောင်ကိုရီးယား၊ အမေရိကန်ပြည်ထောင်စုတို့အကြား တင်းမာမှုများ မြင့်တက်လာနေစဉ် တရုတ်နိုင်ငံသို့ ပထမဆုံးခရီးစဉ်အဖြစ် ရောက်ရှိလာသော အမေရိကန် ပူးတွဲစစ်ဦးစီးချုပ် များ၏ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မာတင်ဒင်ဆေးနှင့် တွေ့ဆုံပြီးနောက် ဗိုလ်ချုပ်ကြီး ဖန်၏ ယခုကဲ့သို့သော သဘောထား မှတ်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။ **အေပီ။**

ဗိုလ်ချုပ်ကြီး မာတင်ဒင်ဆေးနှင့် ဗိုလ်ချုပ်ကြီး ဖန်ဖန်ဟွေ့တို့အား အတူတကွ အလေးပြုနေသည်ကို တွေ့ရစဉ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အဆောက်အအုံတစ်လုံးပြိုကျ လူ ၇၀ သေဆုံး၊ ၆၀၀ ကျော် ဒဏ်ရာရရှိ

ဒါကာ ဧပြီ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ ဆာဗာဆင်ခြေဖုံးတွင် ရှစ်ကပ်တိုက် အဆောက်အအုံ ထစ်လုံး ပြိုကျရာ **(အပေါ်ပုံ)** လူ ၇၀ ထက်မနည်း သေဆုံး၍ ၆၀၀ ကျော် ဒဏ်ရာရရှိ ကြောင်း ဧပြီ ၂၄ ရက် သတင်းတွင် ဖော်ပြသည်။

အဆိုပါ ရှစ်ထပ်တိုက်အဆောက်အအုံပြိုကျမှုသည် ဧပြီ ၂၄ရက် နံနက်ပိုင်းတွင်ဖြစ်ပွားကြောင်း၊ ဒဏ်ရာရရှိသွားသူ ၆၀၀ကျော်အား ဆေးရုံများသို့ လျင်မြန်စွာ ပို့ဆောင်လိုက်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေး ဝန်ကြီးက သတင်းထောက်များအား ပြောကြားသည်။

အဆောက်အအုံပျက်အောက်တွင် ပိတ်မိနေသူများ ရှိနေလိမ့်ဦးမည်ဖြစ်၍ သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်ကြောင်း ကယ်ဆယ်ရေးလုပ်သားများက ပြောကြားသည်။

အဆိုပါ ရှစ်ထပ်တိုက်အဆောက်အအုံတွင် ဝန်ထမ်း ၆၀၀၀ခန့်နှင့် လုပ်ကိုင်နေသော အဆင်သင့်ချုပ်လုပ်ပြီး အဝတ်အထည်များ ထုတ်လုပ်သော အထည်ချုပ်စက်ရုံရှိကြောင်း၊ ထို့ပြင် ယင်းအဆောက်အအုံ၌ ဘဏ်ခွဲတစ်ခုနှင့် ဈေးဆိုင်များ ရာချီဖွင့်ထားကြောင်း၊ ယင်းတို့အားလုံး ဒေသစံတော်ချိန် နံနက် ၉နာရီခန့်က ပြိုကျပျက်စီးသွားကြောင်း မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

လူရာကျော်ကို အပျက်အစီးများအောက်မှ အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ပြီး ကျန်ပိမိနေသူများအား မီးသတ်၊ ရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေးလုပ်သားများနှင့် ပူးပေါင်း၍ ရှာဖွေလျက်ရှိသည်ဟု သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

ရထားလမ်းချော်ရန်ကြံစည်မှု ကနေဒါရဲတပ်ဖွဲ့ဖြိုခွင်း

တိုရန်တို ဧပြီ ၂၄

ကနေဒါနိုင်ငံ တိုရန်တိုမြို့မှ ခရီးသည်တင်ရထားတစ်စီးကို လမ်းချော်သွားစေရန် ကြံစည်ခဲ့ကြသော အမျိုးသားနှစ်ဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီး၍ စွဲချက်တင်ထားကြောင်း ဧပြီ ၂၃ရက်က ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းသို့ကြံစည်ကြသူများကို အီရန်နိုင်ငံအတွင်းရှိ အယ်လ်ကိုင်းဒါအဖွဲ့ဝင်များက အားပေးကူညီကြသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းကြံစည်မှုသာ ထမြောက်အောင်မြင်သွားခဲ့လျှင် အပြစ်မဲ့ပြည်သူများစွာ သေဆုံး၊ ဒဏ်ရာရရှိကြမည်ဟု ကနေဒါ တော်ဝင်ရဲတပ်ဖွဲ့မှ အရာရှိ ဂျိမ်းမာလီဇီယာက သတင်းထောက်များအား ပြောကြားခဲ့သည်။

ပစ်မှတ်ထားတိုက်ခိုက်

နယူးယောက်နှင့် ကနေဒါအကြား မီးရထားလမ်းကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ယင်းမီးရထားလမ်းသည် ဟတ်ဆန်တောင်ကြားတစ်လျှောက် ဖြတ်သန်းမောင်းနှင်ပြီး နီဂါရာရေတံခွန်အနီးတွင် ကနေဒါနိုင်ငံအတွင်းသို့ဝင်သွားကြောင်းအမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါကြံစည်မှုနှင့်စပ်လျဉ်း၍ တိုရန်တိုမှ အသက်(၃၅)နှစ်ရှိ ရာအစ်ဂျာဆာနှင့် မွန်ထရီရယ်မှ အသက်(၃၀)ရှိ ချဲဟက်အက်ဆက်ဟာအီယာ တို့ကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

မပြောကြား

ဖမ်းဆီးထားသည့် မသင်္ကာသူနှစ်ဦးသည် ကနေဒါနိုင်ငံသားများ မဟုတ်ကြောင်း၊ သို့သော် မည်သည့်နိုင်ငံသားများဖြစ်သည်ကိုမူ ရဲတပ်ဖွဲ့က မပြောကြားပေ။ စုံစမ်းစစ်ဆေးမှုများပြုပြီးနောက် သတင်းအရင်းအမြစ်နှစ်နေရာမှ ပြောကြားသည်မှာ တစ်ဦးသည် တူနီးရှားနိုင်ငံသားဖြစ်သည်။

အင်တာနက်။

ပတ်ဝန်းကျင် နိုင်ငံတကာသတင်းအစုံစုံ

စားသောက်ဆိုင်ပေါင်း ၆၂၉၇ ဆိုင် လှည့်လည်စားသောက်သူ

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှရှေ့နေတစ်ဦးက ၎င်းသည် အမေရိကန်နိုင်ငံတစ်နံတစ်လျားရှိ တရုတ်စားသောက်ဆိုင် ၆၂၉၇ဆိုင်သို့ သွားရောက်စားသောက်ခဲ့ကြောင်း မေ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အသက်(၆၂)နှစ်အရွယ် ဒေးဗစ်ချန်းအမည်ရှိအဆိုပါရှေ့နေသည် ၎င်း၏ ၆၂၉၇ ဆိုင်မြောက်တရုတ်စားသောက်ဆိုင်အဖြစ် Leong's Asian Diner အမည်ရှိစားသောက်ဆိုင်တွင် စားသောက်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ နယ်လှည့်စားသောက်မှုကို ၁၉၅၅ ခုနှစ်ကတည်းက စတင်ခဲ့ကြောင်း သိရသည်။ နယ်လှည့်စားသောက်ခဲ့သောစားသောက်ဆိုင် ၆၂၉၇ ဆိုင်အနက် မစွတာချန်းအကြိုက်ဆုံးစားသောက်ဆိုင်မှာ ၁၉၈၄ ခုနှစ်ကသွားရောက်စားသောက်ခဲ့သော လော့စ်အိန်ဂျလိစ်မြို့မှ ABC Sea food အမည်ရှိစားသောက်ဆိုင်ဖြစ်ကြောင်းသိရသည်။

အာကာသအပျက်အစီးများကြောင့် ထိခိုက်မှုနှုန်းမြင့်တက်လာနိုင်

လာမည့်နှစ် ၂၀၀ ကာလအတွင်း အာကာသအတွင်းလွင့်မျောနေသည့် အပျက်အစီးအပိုင်းအစများ၏ ဝင်ရောက်တိုက်မိမှုကြောင့် ကမ္ဘာပတ်လမ်းအတွင်းရှိ ဂြိုဟ်တုများပျက်စီးမှုနှုန်းမှာ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း နိုင်ငံတကာအာကာသအေဂျင်စီများ၏ နောက်ဆုံးအတည်ပြုခဲ့သော လေ့လာချက်အသစ်တစ်ခု၏ အဆိုအရ သိရသည်။ ယင်းအေဂျင်စီများ၏ အဆိုအရ ငါးနှစ်မှ ကိုးနှစ်ပြည့်မြောက်သည့် ကာလတိုင်းတွင် အာကာသအပျက်အစီး များကြောင့် ထိခိုက်မှုများဖြစ်ပွားလာနိုင်ကြောင်း သိရသည်။ ယင်းလေ့လာချက်တွင် ဥရောပ၊ အမေရိက၊ အီတလီ၊ ယူကေ၊ ဂျပန်နှင့် အိန္ဒိယ အာကာသအေဂျင်စီများ ပါဝင်လုပ်ဆောင်ခဲ့သည်ဆို၏။

ရှေးအကျဆုံးဘုရားကျောင်း မက္ကဆီကို တောင်ကြား၌ တွေ့ရှိ

ရှေးအကျဆုံးဘုရားကျောင်း ပရိဝုဏ်တစ်ခုကို အိအာဆာကာနှင့် မက္ကဆီကိုတောင်ကြားတွင် တွေ့ရှိခဲ့ရပြီး ယစ်ပူဇော်သည့် ဘုန်းတော်ကြီးများနေထိုင်သည်ဟု ယူဆရကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက မေ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ EL Palenque ဟုခေါ်တွင်သော အဆိုပါတောင်ကြားမှတွေ့ရှိရသည့် ယင်းဘုရားကျောင်းပရိဝုဏ်အတွင်းရှိ အခန်းတစ်ခန်းတွင် လူသွားနှင့် လူရိုးများတွေ့ရှိရကြောင်း၊ ယစ်ပူဇော်ထားသည်ဟု ယူဆရသော တိရစ္ဆာန်အစိတ်အပိုင်းအကြွင်းအကျန်များလည်း တွေ့ရှိရသည့်အပြင် ကျောက်နက်ဖြင့် ပြုလုပ်ထားသော ချွန်ထက်သည့် လက်နက်များကိုလည်း တွေ့ရှိရကြောင်း၊ ယင်းဘုရားကျောင်းဝရိဝုဏ်မှာ သက်တမ်းအားဖြင့် ၃၀၀ ဘီစီခန့်က ဖြစ်ကြောင်း သိရသည်။

သစ်ကြမ်းပိုးက အဆုတ်ကိုပျက်စီးစေနိုင်

ဟင်းခတ်အမွှေးအကြိုင်အဖြစ်သာမက အခြားအကြောင်းကိစ္စများစွာအတွက် အသုံးပြုနေသော သစ်ကြမ်းမိုးသည် အဆုတ်ကို ပျက်စီးစေကြောင်း အမေရိကန်နိုင်ငံ မီယာမိမေလာ ဆေးတက္ကသိုလ်မှ သုတေသီများက မေ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါဆေးတက္ကသိုလ်မှ ဒေါက်တာစတီဗင်လစ်ပ်ရှာတ်၏ အဆိုအရ သစ်ကြမ်းပိုးမှုန့်ကို အစားအစာများတွင် ထည့်သွင်းချက်ပြုတ်စားသောက်ကြသည်မှာ ပြဿနာတစ်စုံတစ်ရာ မရှိသော်လည်း သစ်ကြမ်းပိုးမှုန့်ကို ဇွန်းဖြင့် ရေမပါဘဲ မျိုချသောက်သုံးခြင်းပြုပါက ယင်းသစ်ကြမ်းပိုးမှုန့်များမှာ အသက်ရှုလမ်းကြောင်းမှတစ်ဆင့်အဆုတ်သို့ ပျံ့နှံ့ပင်ရောက်မှုရှိကြောင်း၊ အဆိုပါသစ်ကြမ်းပိုးမှုန့်များမှာ အဆုတ်တွင် ပျော်ဝင်နိုင်စွမ်းမရှိဘဲ ကာလရှည်တည်ရှိနိုင်သောကြောင့် ရေရှည်တွင် အဆုတ်ကိုပျက်စီးစေကြောင်း သိရသည်။ ယခင်ကာလများက အမေရိကန်ဆယ်ကျော်သက်များသည် သစ်ကြမ်းမိုးမှုန့်ကို ရေမပါဘဲသောက်သုံးလေ့ရှိသဖြင့် ဒေါက်တာစတီဗင်က ယင်းသို့သတိပေးခဲ့ခြင်းဖြစ်ပြီး သစ်ကြမ်းပိုးမှုန့်များကို ရှူရှိုက်ခြင်းမပြုရန်လည်း တိုက်တွန်းခဲ့သည်။

....

ပါဂိန်းထက်လင်း - စုစည်းဖော်ပြသည်

ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲ စာဖြေဌာနသတ်မှတ်ကြေညာခြင်း

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲများကို ယာယီရွှေ့ဆိုင်းထားရာမှ မေလ ၂ ရက်မှ ၁၄ ရက်အထိ တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ပြန်လည်ကျင်းပမည်ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (ကြာသပတေးနေ့)မှ ကဆုန်လဆန်း ၁ ရက် (သောကြာနေ့)(၂၀၁၃ ခုနှစ် မေ ၂ ရက်မှ ၁၀ ရက်)အထိလည်းကောင်း၊ ပထမပြန်စာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက် (ဗုဒ္ဓဟူးနေ့)မှ ကဆုန်လဆန်း ၅ ရက်(အင်္ဂါနေ့) (၂၀၁၃ ခုနှစ် မေ ၈ ရက်မှ ၁၄ ရက်) အထိလည်းကောင်း အောက်ဖော်ပြပါ စာဖြေဌာနများတွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ ကြေညာထားရာ-

ဓမ္မာစရိယစာဖြေဌာန (၅၀) တို့မှာ

ကချင်ပြည်နယ်- မြစ်ကြီးနား၊ ဗန်းမော်၊ ကယားပြည်နယ်- လွိုင်ကော်၊ ကရင်ပြည်နယ် -ဘားအံ၊ စစ်ကိုင်းတိုင်းဒေသကြီး- စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ၊ ကသာ၊ တနင်္သာရီတိုင်းဒေသကြီး- ထားဝယ်၊ မြိတ်၊ ပဲခူးတိုင်းဒေသကြီး - ပဲခူး၊ တောင်ငူ၊ ပြည်၊ ကြို့ပင်ကောက်၊ မကွေးတိုင်းဒေသကြီး - ရေနံချောင်း၊ မကွေး၊ ပခုက္ကူ၊ မန္တလေးတိုင်းဒေသကြီး - ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ မိုးကုတ်၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ ကျောက်ဆည်၊ မွန်ပြည်နယ်- မော်လမြိုင်၊ သထုံ၊ ကျိုက်ထို၊ ရေး၊ မုဒုံ၊ ဘီးလင်း၊ ရခိုင်ပြည်နယ်- စစ်တွေ၊ ကျောက်ဖြူ၊ ရန်ကုန်တိုင်းဒေသကြီး - ရန်ကုန်(အရှေ့ပိုင်း)၊ ရန်ကုန် (အနောက်ပိုင်း)၊ ရန်ကုန်(တောင်ပိုင်း)၊ ရန်ကုန်(မြောက်ပိုင်း)၊ ခရမ်း၊ ရှမ်းပြည်နယ်-တောင်ကြီး၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ လားရှိုး၊ ဧရာဝတီတိုင်းဒေသကြီး- ပုသိမ်၊ ညောင်တုန်း၊ ဟင်္သာတ၊ မြောင်းမြ၊ ဖျာပုံ၊ မော်လမြိုင်ကျွန်း၊ နေပြည်တော်- ပျဉ်းမနားတို့ဖြစ်ကြောင်း သိရသည်။

ပထမပြန် စာဖြေဌာနစာရင်း

၁။ ကချင်ပြည်နယ်၊ စာဖြေဌာန(၇)ဌာန
မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ ဗန်းမော်၊ ဖားကန့်၊ ပူတာအို
၂။ ကယားပြည်နယ်၊ စာဖြေဌာန(၁)ဌာန
လွိုင်ကော်
၃။ ကရင်ပြည်နယ်၊ စာဖြေဌာန(၆)ဌာန
ကြာအင်းဆိပ်ကြီး၊ ဘားအံ၊ လှိုင်းဘွဲ့၊ မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်
၄။ ချင်းပြည်နယ်၊ စာဖြေဌာန(၂)ဌာန
ဟားခါး၊ ပင်းတယ်
၅။ တနင်္သာရီတိုင်းဒေသကြီး၊ စာဖြေဌာန(၃)ဌာန
ထားဝယ်၊ မြိတ်၊ ကော့သောင်း
၆။ စစ်ကိုင်းတိုင်းဒေသကြီး၊ စာဖြေဌာန(၂၅)ဌာန
ခင်ဦး၊ ကလေး၊ ကသာ၊ ကောလင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ ချောင်းဦး၊ စစ်ကိုင်း၊ ထီးချိုင့်၊ ပင်လည်ဘူး၊ ဖောင်းပြင်၊ ဗန်းမောက်၊ ဘုတလင်၊ မုံရွာ၊ မြင်းမူ၊ မြောင်၊ ယင်းမာပင်၊ ရေဦး၊ ရွှေဘို၊ ဝက်လက်၊ ဟုမ္မလင်း၊ ဝန်းသို၊ အင်းတော်၊ မင်းကင်း၊ တမူး
၇။ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ စာဖြေဌာန(၁၄)ဌာန
ကဝ၊ ကျောက်တံခါး၊ ကျောက်ကြီး၊ ညောင်လေးပင်၊ တောင်ငူ၊ ထန်းတပင်၊ ဒိုက်ဦး၊ ပဲခူး၊ ဖြူး၊ ရေတာရှည်၊ ရွှေကျင်၊ ဝေါ၊ သနပ်ပင်၊ အုတ်တွင်း
၈။ ပဲခူးတိုင်းဒေသကြီး (အနောက်)၊ စာဖြေဌာန(၁၄)ဌာန
ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်း၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ ပြည်၊ မိုးညို၊ မင်းလှ၊ ရွှေတောင်၊ လက်ပံတန်း၊ သာယာဝတီ၊ သဲကုန်း၊ အုတ်ဖို
၉။ မကွေးတိုင်းဒေသကြီး၊ စာဖြေဌာန(၁၇)ဌာန
ချောက်၊ ဂန့်ဂေါ၊ စကု၊ စလင်း၊ ဆင်ဖြူကျွန်း၊ တောင်တွင်းကြီး၊ နတ်မောက်၊ ပခုက္ကူ၊ ပွင့်ဖြူ၊ မကွေး၊ မင်းဘူး၊ မင်းလှ၊ အောင်လံ၊ ကံမ၊ ရေစကြို၊ ရေနံချောင်း၊ သရက်
၁၀။ မန္တလေးတိုင်းဒေသကြီး၊ စာဖြေဌာန (၂၈)ဌာန
ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ စဉ့်ကိုင်၊ စဉ့်ကူး၊ တံတားဦး၊ တောင်သာ၊ နွားထိုးကြီး၊ ပုဂံညောင်ဦး၊ ပုသိမ်ကြီး၊ ပျော်ဘွယ်၊ မလှိုင်၊ ပြင်ဦးလွင်၊ မိုးကုတ်၊ မတ္တရာ၊ မိတ္ထီလာ၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံ၊ မြင်းခြံ၊ မြစ်သား၊ ရမည်းသင်း၊ ပမ်းတွင်း၊ သာစည်၊ အမရပူရ၊ ငါန်းဇွန်၊ သပိတ်ကျင်း
၁၁။ နေပြည်တော်၊ စာဖြေဌာန (၃) ဌာန
တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနား
၁၂။ မွန်ပြည်နယ်၊ စာဖြေဌာန (၁၁) ဌာန
ကျိုက်ထို၊ ကျိုက်မရော၊ ချောင်းဆုံ၊ ပေါင်၊ ဘီးလင်း၊ မုဒုံ၊ မော်လမြိုင်၊ ရေး၊ သထုံ၊ သံဖြူဇရပ်၊ သိမ်ဇရပ်
၁၃။ ရခိုင်ပြည်နယ်၊ စာဖြေဌာန (၁၇) ဌာန
ကျောက်တော်၊ စစ်တွေ၊ တောင်ကုတ်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မောင်တော၊ မာန်အောင်၊ မြေပုံ၊ ရမ်းဗြဲ၊ ရသေ့တောင်၊ သံတွဲ၊ အမ်း၊ ဂွ၊ မြောက်ဦး၊ ကျောက်ဖြူ၊ ဘူးသီးတောင်
၁၄။ ရန်ကုန်တိုင်းဒေသကြီး၊ စာဖြေဌာန (၄၂) ဌာန
ကမာရွတ်၊ ကော့မှူး၊ ကျောက်တန်း၊ ကြည်မြင်တိုင်၊ ကွမ်းခြံကုန်း၊ ခရမ်း၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဆိပ်ကြီးခနောင်တို၊ တာမွေ၊ တောင်ဥက္ကလာ၊ တိုက်ကြီး၊ တွံတေး၊ ထန်းတပင်၊ ဒဂုံ၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒလ၊ ဒေါပုံ၊ ပန်းဘဲတန်း၊ ပုဇွန်တောင်၊ ဗဟန်း၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ မှော်ဘီ၊ ရန်ကင်း၊ ရွှေပြည်သာ၊ လမ်းမတော်၊ လှည်းကူး၊ လှိုင်၊ လှိုင်သာယာ၊ သာကေတ၊ သဃ်န်းကျွန်း၊ သန်လျင်၊ သုံးခွ၊ အလုံ၊ အင်းစိန်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း
၁၅။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ စာဖြေဌာန (၁၂) ဌာန
ကလော၊ ဆီဆိုင်၊ ညောင်ရွှေ၊ တောင်ကြီး၊ ပင်းတယ၊ ပင်လုံ၊ ဖယ်ခုံ၊ မိုးနဲ၊ ရပ်စောက်၊ ရွှေညောင်၊ လွိုင်လင်၊ ဟိုပုံး
၁၆။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ စာဖြေဌာန (၈) ဌာန
လားရှိုး၊ တန့်ယန်း၊ နမ့်ခမ်း၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ မိုးမိတ်၊ ဟိုပန်
၁၇။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စာဖြေဌာန (၂) ဌာန
ကျိုင်းတုံ၊ တာချီလိတ်
၁၈။ ဧရာဝတီတိုင်းဒေသကြီး၊ စာဖြေဌာန (၂၆) ဌာန
ကျုံပျော်၊ ကျိုက်လတ်၊ ကြံခင်း၊ ငါးသိုင်းချောင်း၊ ဇလွန်၊ ညောင်တုန်း၊ ဒေးဒရဲ၊ ဓနုဖြူ၊ ပုသိမ်၊ ပန်းတနော်၊ ဖျာပုံ၊ ဘိုကလေး၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ မြန်အောင်၊ ရေကြည်၊ လပွတ္တာ၊ လေးမျက်နှာ၊ ဝါးခယ်မ၊ သာပေါင်း၊ ဟင်္သာတ၊ အိမ်မဲ၊ ကျောင်းကုန်း၊ ကန်ကြီးဒေါင့်၊ အင်္ဂပူ

ကျပ် ၁၅၀၀ တန် ဖုန်းဆင်းကတ်များရောင်းချ

ရန်ကုန် မေ ၂၄

ပြည်သူများ အထူးသက်သာသော နှုန်းထားဖြင့် အမှန်တကယ် အသုံးပြုနိုင်ရန် ရည်ရွယ်ရောင်းချသည့် ကျပ်၁၅၀၀ တန် CDMA 800MHz မိုဘိုင်းဖုန်းကတ်များအား မြန်မာနိုင်ငံတစ်ဝန်း ယနေ့ စတင်ရောင်းချပေးလျက်ရှိရာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက်နေပြည်သူများအတွက် ယနေ့နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရှင်စောပုဓမ္မာရုံ၌မဲစနစ်ဖြင့် ရွေးချယ်ရောင်းချပေးလျက်ရှိသည်ကို တွေ့ရသည်။ (အပေါ်ယာပုံ)

မိုဘိုင်းဖုန်းကတ် ဝယ်ယူခွင့်အတွက် မဲနှိုက်ရွေးချယ်ရာ၌ ကြီးကြပ်ပေးနေသည့် စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် မိုဘိုင်းဖုန်းကတ်များ ရောင်းချရေးကြီးကြပ်မှုကော်မတီဝင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဘမြင့်က "ကျပ် ၁၅၀၀ တန် ဖုန်းကတ်အတွက် လာရောက်လျှောက်ထားခဲ့သူ ၂၀၆ ဦးရှိရာမှာ မြို့နယ်က ခွဲတမ်းချထားပေးတဲ့ဖုန်း ၃၅ လုံးအတွက် ဆင်းကတ် ၃၅ ကတ် ရရှိပါတယ်။ ပွင့်လင်းမြင်သာတဲ့ စနစ်နဲ့ အများပြည်သူရှေ့မှောက်မှာ လျှောက်ထားသူ လျှောက်လွှာရှင်ကိုယ်တိုင် မဲနှိုက်ရွေးချယ်စေပြီး ချက်ချင်းတစ်ပါတည်း ဖုန်းဆင်းကတ်တွေကို ရောင်းချပေးနေတာပါ" ဟု ကြေးမုံသို့ ရှင်းပြသည်။

ဖုန်းကတ် ရောင်းချမှုပုံစံမှာ တစ်မြို့နယ်နှင့် တစ်မြို့နယ်၊ တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက်ပုံစံမတူ ကွဲပြားခြားနားကြောင်း၊ အချို့ရပ်ကွက်များ၌မှ ကျောင်းသားငယ်များကို မဲနှိုက်ခိုင်းပြီး အချို့ရပ်ကွက်များ၌ လျှောက်ထားသူကိုယ်တိုင် မဲနှိုက်ရသကဲ့သို့ တာဝန်ရှိသူများက မဲနှိုက်ပေးခြင်းများလည်းရှိကြောင်း သိရသည်။ "ကျွန်တော်တို့ ရပ်ကွက်ရဲ့ ယခုလအတွင်း မဲနှိုက်ရွေးချယ်မှုမှာ တန်ဖိုးနည်း ဖုန်းဆင်းကတ်ရရှိခဲ့ခြင်း မရှိတဲ့ သူတွေဟာ နောက်လတွေမှာ ထပ်စံရွေးချယ် ရောင်းချပေးမှာမြစ်ပြီး လျှောက်လွှာထပ်တင်စရာ မလိုတော့ပါဘူး" ဟု ရှင်စောပုရပ်ကွက် ဖုန်းကတ်များ ရောင်းချရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစန်းပင်းက ဆိုသည်။

ထင်သာမြင်သာသော မဲစနစ်ဖြင့် အများပြည်သူရှေ့မှောက် မဲနှိုက်ရွေးချယ်ပေးသည့် ဖုန်းကတ်အချို့ကို ဖုန်းဟန်းဆက်များအတွင်း ပြည်သူများ စမ်းသပ်ပြောဆိုနိုင်ကြပြီကို ဝမ်းမြောက်ဖွယ် သိရသည်။

(ကျော်ကျော်-စက်မှုတက္ကသိုလ်)



ခရမ်းလွန်ရောင်ခြည်ဆိုသည်မှာ . . .

ဒေါက်တာထွန်းခင်
(ရူပဗေဒ)

မြန်မာနိုင်ငံ ဒေသအချို့တွင် ကျရောက်သည့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းနှင့် ပတ်သက်၍ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်၏ အသိပေးသတင်းဆောင်းပါးကို ဂျာနယ်တစ်ခုက စတင်ဖော်ပြခဲ့ပါသည်။ ၎င်းနောက် ကျန်းမာရေးဝန်ကြီးဌာနကလည်း ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကိုပြည်သူလူထုသိရှိစေရန် နေ့စဉ်ထုတ်သတင်းစာများနှင့် ရုပ်မြင်သံကြားမှ သတိပေးနှိုးဆော်ခဲ့ပါသည်။

ခရမ်းလွန်ရောင်ခြည်အကြောင်း စိတ်ဝင်စားသူများ အလွယ်တကူသိရှိနိုင်ရန် ရူပဗေဒဆိုင်ရာ အချက်အလက်အချို့ကိုချုံ့လုပ်၍ ၎င်းကို ယေဘုယျသဘောဖြင့်သာ ဖော်ပြပါမည်။

ခရမ်းလွန်ရောင်ခြည်သည် လျှပ်စစ်သံလိုက်လှိုင်း (Electromagnetic Wave)တစ်ခုဖြစ်သည်။ ၎င်းကို လျှပ်စစ်သံလိုက်ရောင်ခြည် (Electromagnetic Radiation)ဟုလည်း ခေါ်ပါသည်။ လျှပ်စစ်သံလိုက်ရောင်ခြည်တွင် လျှပ်စစ် စက်ကွင်းနှင့် သံလိုက်စက်ကွင်းတို့ ပေါင်းစပ်ပါဝင်သည်။ ၎င်းစက်ကွင်းနှစ်ခုသည် တစ်ခုကိုတစ်ခု ထောင့်မှန်ကျနေပြီး ရောင်ခြည်သွားသည့် ဦးတည်ဘက်နှင့်လည်း ထောင့်မှန်ကျနေသည်။

ရေမျက်နှာပြင်တွင် ဖြစ်ပေါ်သော ရေလှိုင်းများ၊ အရာဝတ္ထုတစ်ခုခု တုန်ခါ၍ထွက်လာသော အသံလှိုင်းများနှင့် တင်းနေအောင်ဆွဲထားသည့်ကြိုး (ဥပမာ- ဂီတာကြိုး) တုန်ခါ၍ ကြိုးတစ်လျှောက် သွားနေသော လှိုင်းများသည် မက္ကင်းနစ်လှိုင်းများ(Mechanical Waves)ဖြစ်ပါသည်။ လျှပ်စစ်သံလိုက်လှိုင်းများ မဟုတ်ပါ။

မည်သည့်လှိုင်းမဆို စွမ်းအင်ကို တစ်နေရာမှ အခြားတစ်နေရာသို့ သယ်ဆောင်သွားနိုင်သည်။ လျှပ်စစ်သံလိုက်လှိုင်းများ(ရောင်ခြည်များ)သည် လေမရှိသော နယ်ဖြစ်သည့် လေဟာနယ်(Vacuum)ကို ဖြတ်သန်းသွားနိုင်သည်။ မက္ကင်းနစ်လှိုင်းများသည် လေဟာနယ်ကို ဖြတ်သန်းမသွားနိုင်ပါ။

လျှပ်စစ်သံလိုက်ရောင်ခြည် အမျိုးမျိုးရှိပါသည်။ ၎င်းတို့ကို စွမ်းအင်တန်ဖိုးများရာမှ နည်းရာသို့ အစဉ်လိုက် အောက်တွင်ဖော်ပြထားပါသည်။ ၎င်းရောင်ခြည် တစ်ခုစီ၏ အသုံးဝင်ပုံအချို့ကိုလည်း ပူးတွဲဖော်ပြထားပါသည်။

(၁) ဂမ္မာရောင်ခြည် (Gammarays)- ကင်ဆာရောဂါနှင့် အကြိတ်များကိုကုသခြင်း
(၂) အိပ်(က)(စ်)ရောင်ခြည် (X-rays)- ရောဂါရှာဖွေရေးနှင့် ကုသခြင်း၊ ကင်ဆာရောဂါကုသခြင်း
(၃) ခရမ်းလွန်ရောင်ခြည် (Ultraviolet = UV)- နမူနာပစ္စည်းများ(samples)ကို ဓာတုဗေဒနည်းဖြင့် ခွဲခြားစိစစ်ခြင်း
(၄) မြင်နိုင်အလင်း (Visible Light)- အမြင်အာရုံကိုဖြစ်စေခြင်း၊ ကမ္ဘာပေါ်တွင် သက်ရှိများ ရှင်သန်ဖြစ်ထွန်းစေခြင်း
(၅) အနီအောက်ရောင်ခြည် (Infrared= IR)- အလင်းရောင်မရှိသည့် ညအချိန်တွင် အသုံးပြုနိုင်သည့် အနီအောက်ရောင်ခြည်ကင်မရာ
(၆) မိုက္ကရိုလှိုင်းများ(Microwaves)- ဆက်သွယ်ရေးလုပ်ငန်းများ
(၇) ရေဒီယိုလှိုင်းများ(Radiowaves)- ဆက်သွယ်ရေးလုပ်ငန်းများ

ဖော်ပြပါ လျှပ်စစ်သံလိုက်လှိုင်းအားလုံးကို သုတေသနလုပ်ငန်းများတွင် အသုံးပြုပါသည်။ ၎င်းလှိုင်းများသည် လေနှင့်လေဟာနယ်အတွင်း တူညီသော အလျင် (တစ်ခုတည်းသောအလျင်)ဖြင့် ဖြတ်သန်းသွားသည်။ တစ်စက္ကန့်တွင် မိုင်ပေါင်း တစ်သိန်းရှစ်သောင်းခြောက်ထောင်(၁၈၆၀၀၀ မိုင်) သွားနိုင်သည်။ ခန့်မှန်းခြေအားဖြင့် တစ်စက္ကန့်၏ ဆယ်ပုံတစ်ပုံ (သုည ဒသမ ၁ စက္ကန့်) အချိန်အတွင်း ကမ္ဘာကို တစ်ပတ်ပတ်နိုင်သည်။ မြင်နိုင်သောအလင်းမှတစ်ပါး အခြားသော လျှပ်စစ်သံလိုက်လှိုင်းများကို လူ့မျက်စိဖြင့် မမြင်နိုင်ပါ။

မြင်နိုင်သောအလင်းတွင် အရောင်ခုနစ်မျိုး ပါဝင်သည်။ ၎င်းတို့ကို စွမ်းအင်တန်ဖိုးများရာမှ နည်းရာသို့ အစဉ်လိုက်ဖော်ပြလျှင် (၁) ခရမ်းရောင်၊ (၂) မဲနယ်ရောင်၊ (၃) အပြာရောင်၊ (၄) အစိမ်းရောင်၊ (၅) အဝါရောင်၊ (၆) လိမ္မော်ရောင်နှင့် (၇) အနီရောင်တို့ဖြစ်ပါသည်။

ခရမ်းရောင်၏စွမ်းအင်မှာ အများဆုံးဖြစ်၍ အနီရောင်၏စွမ်းအင်မှာ အနည်းဆုံးဖြစ်သည်။ ခရမ်းရောင်ထက် စွမ်းအင်ပို၍များသော ရောင်ခြည်ကို ခရမ်းလွန်ရောင်ခြည်ဟုခေါ်၍ အနီရောင်အောက်စွမ်းအင်နည်းသော ရောင်ခြည်ကို အနီအောက်ရောင်ခြည်ဟုခေါ်ပါသည်။

လျှပ်စစ်မီးချောင်းများ(Flourescence Lamps)မှ ထွက်သောအလင်းနှင့် နေမှ ကမ္ဘာပေါ်သို့ ကျရောက်သည့် နေရောင်ခြည်သည် အလင်းဖြူဖြစ်သည်။ လျှပ်စစ်မီးချောင်းမှ ထွက်သောအလင်းဖြူတွင် ဖော်ပြပါအရောင်ခုနစ်မျိုးသာပါဝင်သည်။ နေရောင်ခြည်တွင် အရောင်ခုနစ်မျိုးနှင့်အတူ ခရမ်းလွန်ရောင်ခြည်နှင့် အနီအောက်ရောင်ခြည်တို့ ပေါင်းစပ်ပါဝင်သည်။ အရောင်ခုနစ်မျိုးသည် ပြတင်းမှန်ချပ်ကဲ့သို့သော ရိုးရိုးမှန် (Ordinary glass)ကို ဖြတ်သွားနိုင်သည်။ သို့သော် ခရမ်းလွန်ရောင်ခြည်နှင့် အနီအောက်ရောင်ခြည်တို့သည် ရိုးရိုးမှန်ကို မဖြတ်နိုင်ပါ။

ကမ္ဘာကြီးကို လေထုက ဝန်းရံထားသည်။ လေထုတွင် နိုက်ထရိုဂျင်၊ အောက်ဆီဂျင်၊ ဟိုက်ဒရိုဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များ ပါဝင်သည်။ ကမ္ဘာမျက်နှာပြင်အထက် ခန့်မှန်းခြေအမြင့် မိုင် ၁၂၀ အထိ လေထုရှိသည်။ ၎င်းထက်မြင့်သောနေရာမှ နေအထိကြားနေရာသည် လေဟာနယ်ဖြစ်သည်။ လေထု၏ ၉၀ ရာခိုင်နှုန်းမှာ ကမ္ဘာမျက်နှာပြင်အထက် ၁၅ မိုင်အတွင်းတွင်ရှိသည်။ မြေပြင်အထက် ၁၀ မိုင်မှ မိုင် ၃၀ အမြင့်အတွင်း အိုဇုန်းလွှာ (Ozone Layer)ရှိသည်။ အောက်ဆီဂျင်အက်တမ် သုံးလုံးဖြင့် ဖွဲ့စည်းထားသော မော်လီကျူးကို အိုဇုန်းဟုခေါ်သည်။ အိုဇုန်းနှင့် အခြားသောဓာတ်ငွေ့များက နေရောင်ခြည်တွင်ပါသော ခရမ်းလွန်ရောင်ခြည်ကို အတိုင်းအတာတစ်ခုအထိ စုပ်ယူထားသည်။ လေထုထူလျှင် ခရမ်းလွန်ရောင်ခြည်ကို ပို၍စုပ်ယူနိုင်သည်။ ကျန်သော ခရမ်းလွန်ရောင်ခြည်များသည် ကမ္ဘာပေါ်သို့ ကျရောက်လာသည်။ လေထုပါးလွှာသောနေရာများတွင် ကမ္ဘာပေါ်သို့ ခရမ်းလွန်ရောင်ခြည်ပို၍ ကျရောက်သည်။

ခရမ်းလွန်ရောင်ခြည်ထိသောလူ၏ အရေပြားတွင် နေလောင်ခြင်းဖြစ်၍ နီညိုရောင်အကွက်ဖြစ်ပေါ်လာမည်။ အရေပြားပေါ် ကျရောက်သော ခရမ်းလွန်ရောင်ခြည်၏ စွမ်းအင်ပမာဏနှင့် ခရမ်းလွန်ရောင်ခြည် ကျရောက်သည့် အချိန်ကြာမြင့်မှုအပေါ် မူတည်ပြီး အရေပြားတွင် နေလောင်ဒဏ်ရာအဆင့်ကိုကျော်လွန်၍ အရေပြားကင်ဆာဖြစ်နိုင်သည့်အနေအထားသို့ ရောက်ရှိမည်။

နေရောင်ခြည်တွင်ပါသော ခရမ်းလွန်ရောင်ခြည်သည် သဘာဝကပေးသော ရောင်ခြည်ဖြစ်သည်။ ဓာတုဗေဒနှင့် ဇီဝဓာတုဗေဒသုတေသနလုပ်ငန်းများအတွက် ဓာတ်ခွဲခန်းများတွင် ခရမ်းလွန်ရောင်ခြည်ထုတ်လွှတ်သည့် မီးသီးများ(UV Lamps)ကို အသုံးပြုပါသည်။ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ဖြည့်ထားသော လျှပ်ကူးမီးသီး (hydrogen discharge lamp)နှင့် ဟီလီယမ်ဓာတ်ငွေ့ဖြည့်ထားသော လျှပ်ကူးမီးသီး(helium discharge lamp)များသည် ခရမ်းလွန်ရောင်ခြည်ကို ထုတ်လွှတ်ပါသည်။ အသုံးပြုသူထံသို့ ခရမ်းလွန်ရောင်ခြည်မရောက်နိုင်အောင် မီးသီးများကို စနစ်တကျကာရံထားပါသည်။

သို့ဖြစ်၍ ခရမ်းလွန်ရောင်ခြည်သည် လူသားများကို အန္တရာယ်ပေးနိုင်သည့် ဆိုးကျိုးရှိသလို လူသားများအကျိုးအတွက် ပြုလုပ်သည့်သုတေသနလုပ်ငန်းများတွင် အသုံးပြုနိုင်သော ကောင်းကျိုးများလည်းရှိပါသည်။ ။

မိတ္ထီလာတွင် ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ် ချောင်းကူးတံတားတည်ဆောက်

မိတ္ထီလာ မေ ၂၄

မိတ္ထီလာမြို့ ပြည်သာယာတောင်ပိုင်းရပ်ကွက်နှင့် ပြည်သာယာမြောက်ပိုင်းရပ်ကွက် သံကူကွန်ကရစ်ချောင်းကူးတံတားအား ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။**(ယာပုံ)**

"ပြည်သာယာတောင်ပိုင်းရပ်ကွက်နဲ့ ပြည်သာယာမြောက်ပိုင်းရပ်ကွက် ဆက်သွယ်သွားလာရာ အုတ်ခုံသစ်သားတံတား ရှိတယ်။ အဲဒီသစ်သားတံတားကြံ့ခိုင်မှု အားနည်းပြီးပျက်စီးယိုယွင်းသွားတော့ ပြည်သာယာတောင်ပိုင်းရပ်ကွက်နဲ့ ပြည်သာယာ မြောက်ပိုင်းရပ်ကွက်မှာရှိတဲ့ ပရဟိတစိတ်ထားရှိပြီး အများအကျိုးဆောင်လိုတဲ့ လူကြီးလူငယ်တွေ စုပေါင်းတိုင်ပင်ပြီး ကိုယ့်အားကိုယ်ကိုး သံကူကွန်ကရစ်တံတားသစ် တည်ဆောက်ဖို့ ဆုံးဖြတ်ခဲ့ကြတာပါ။ အခုတော့ တည်ဆောက်နေတဲ့ တံတားသစ်က ဒေသခံစေတနာရှင်များရဲ့ ရေ၊ ဘိလပ်မြေ၊ အုတ်၊ ကျောက်၊ ထိုး၊ သစ်သားနဲ့ အလှူငွေများ ထည့်ဝင်လှူဒါန်းမှု၊ ဒေသခံရပ်ကွက်နှစ်ခုက လူငယ်တွေရဲ့ ပရဟိတစိတ်ထားနဲ့ တတ်အားသရွေ့လုပ်အား ဒါနပါဝင်မှု၊ နားလည်တတ်ကျွမ်းသူ အတတ်ပညာရှင်နဲ့ ရပ်မိရပ်ဖများရဲ့ ဦးဆောင်ရွက်မှုကြောင့် ပြီးစီးတော့မှာပါ" ဟု တံတားတည်ဆောက်ရေး အင်ဂျင်နီယာ နည်းပညာပိုင်းဆိုင်ရာများကို မေတ္တာဖြင့် နေ့စဉ်ကြီးကြပ်ဆောင်ရွက်ပေးနေသူ ဦးတင်သန်း(ဆောက်လုပ်ရေး အင်ဂျင်နီယာ-ငြိမ်း)က ပြောသည်။

အဆိုပါ သံကူကွန်ကရစ် တံတားသည် အလျား ပေ ၃၀၊ အမြင့် ကိုးပေ၊ မော်တော်ယာဉ် သွားလမ်းအကျယ် ၁၆ ပေ၊ လူသွားလမ်း နှစ်လမ်း(သုံးပေအကျယ်စီ)ပါဝင်ပြီး တံတားခံနိုင်ဝန်တန် ၃၀ ဖြစ်ကာ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၅ သိန်းခန့်ကုန်ကျမည်ဖြစ်သည်။ ၎င်းတံတားသစ် တည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များ ပြည်သာယာတောင်ပိုင်းရပ်ကွက်နှင့် မြောက်ပိုင်းရပ်ကွက်တို့ ဆက်စပ်ရာခရီးလမ်းများကို လွယ်ကူချောမွေ့မြန်ဆန်စွာ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(၁၇၉)

ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှု ကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသော နေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အချိန်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သကြ်န်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ကြရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသော နေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။
၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီး စသည်တို့ ဆောင်းသွားပါ။
၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည်နေရာများကို သနပ်ခါးထူထူ (သို့) SPF15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။
၄။ ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည်အလွယ်တကူမဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသောအဝတ်အထည်များကိုဝတ်ပါ။
၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။
၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့်
-အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
-ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
-အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သောအဝတ် ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီး ဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဒေါက်တာဇော်ဝင်းသိန်း
ACCA, CIMA, FIA, DIFR, LCCI
Accountancy & Management Courses

ပညာချွန် (၁၀) တန်း
Grammar
Essay & Letter

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

ပြည်တွင်းရေးရာ

စာကြည့်တိုက်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းတွင် ဆောက်လုပ်လျက်ရှိသော အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏ ပထမအဆောင်သည် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါအဆောင်၌ ရည်ညွှန်းစာအုပ်စင်ခန်း၊ မြန်မာနိုင်ငံဆိုင်ရာ အင်္ဂလိပ်စာအုပ်စင်ခန်း၊ အင်္ဂလိပ် စာအုပ်စင်ခန်း၊ မြန်မာစာအုပ်စင်ခန်း၊ ရှေးဟောင်းသုတေသနစာအုပ်စင်ခန်း၊ အပန်းဖြေနေရာနှင့် ကလေးစာကြည့်တိုက်တို့တွင် စာအုပ်ပေါင်း နှစ်သိန်းငါးသောင်းကျော်ကို ခင်းကျင်းလျက်ရှိပြီး e-Library ကို စာအုပ်ပေါင်း တစ်သောင်းငါးထောင်ကျော်ဖြင့် မေ ၃ ရက်မစတင်ဖွင့်လှစ်၍ စာဖတ်သူများအား စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများပေးနိုင်တော့မည်ဖြစ်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ**(ယာပုံ)**သည် ဧပြီ ၂၃ ရက် ညနေပိုင်းက ယင်းအဆောင်ဖွင့်လှစ်ရန်အတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ကျန်ဆောက်လုပ်ဆဲ အဆောင်နှစ်ဆောင်ကိုလည်း ခွင့်ပြုရန်ပုံငွေပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အဆောက်အအုံများ ပြီးစီးပါက ဖွင့်လှစ်ရန် ကျန်ရှိသော စာနယ်ဇင်းနှင့်ပေ၊ ပုရပိုက်စာဖတ်ခန်း၊ အထူးစာစုများစာဖတ်ခန်း၊ အထွေထွေစာဖတ်ခန်း၊ အထူးဧည့်သည်တော်များ စာဖတ်ခန်း၊ Engineering Maintenance Room, Training Center, Conference Hall, Language Lab တို့ကိုဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘော့စတွန်ပုံးဝေါက်ကွဲမှုတွင် ခြေတစ်ဖက်ဆုံးရှုံးသွားသည့် ကချေသည်မလေး ဝါသနာကို မစွန့်လွှတ်နိုင်သေး

လွန်ခဲ့သည့်သီတင်းပတ်က အမေရိကန်နိုင်ငံ ဘော့စတွန်မြို့ မာရသွန်ပြိုင်ပွဲ ဗုံးပေါက်ကွဲမှု၌ ခြေတစ်ဖက်ဆုံးရှုံးခဲ့ရသည့် ကချေသည်မလေးတစ်ဦးက ခြေထောက်တစ်ချောင်းဆုံးရှုံးသွားခဲ့ရသော်လည်း ၎င်း၏ဝါသနာကို မစွန့်လွှတ်နိုင်သေးဘဲ ကချေသည်အဖြစ် ဆက်လက်ရပ်တည်ပြီး နောက်နှစ်မာရသွန်ပြိုင်ပွဲကိုလည်း ပါဝင်ယှဉ်ပြိုင်ဦးမည်ဟုဆိုသည်။

အသက် (၃၂)နှစ်ရှိ ကချေသည်မလေး အန်ဒရီနီဟာဆလ်တ်သည် ဘော့စတွန်မြို့ ဗုံးဖောက်ခွဲတိုက်ခိုက်မှုအတွင်း ဒုတိယမြောက်ပေါက်ကွဲသည့်ဗုံးက ၎င်း၏ဘယ်ဘက်ခြေထောက်ကို ထိမှန်သွားခဲ့ခြင်းဖြစ်ပြီး ဆရာဝန်များက အစွမ်းကုန်ကြိုးစားကုသပေးသော်လည်း ဒူးဆစ်အောက် ငါးလက်မခန့်အကွာတွင် ဖြတ်တောက်ပစ်လိုက်ရသည်။

"ကျွန်မအားလုံးကို မှတ်မိနေပါတယ်၊ ပထမဗုံးပေါက်ကွဲသွားတော့ ကျွန်မခင်ပွန်းကို ဖက်ထားမိပါတယ်၊ ကျွန်မကတော့ ကျွန်မတို့နှစ်ယောက်စလုံး တစ်ယောက်မှတောင် အသက်ရှင်မှာမဟုတ်ဘူးလို့ ထင်လိုက်မိပါတယ်၊ ကျွန်မလည်းတစ်ခုခုဖြစ်ပြီဆိုတာ သိလိုက်တာနဲ့ ကြောက်အားလန့်အားနဲ့အော်တော့တာပဲ၊ ဒုတိယဗုံးလည်းကွဲရော ကျွန်မလည်းနောက်ပက်လက်လန်လဲကျသွားတော့တာပဲ" ဟု အန်ဒရီနီက စီအင်န်အင်န် သတင်းဌာနသို့ ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေရာမှ မကြာသေးမီက ပြန်လည်ရောက်ရှိလာသူ အန်ဒရီနီ၏ ခင်ပွန်း လေတပ်ကပ္ပတိန် အဒမ်ဒေးဗစ်က ၎င်း၏ခါးပတ်ကြိုးကိုဖြုတ်ကာ ဇနီးသည်၏ ခြေထောက်ဒဏ်ရာကို သွေးတိတ်အောင် ဆောင်ရွက်ပြီး ဗုံးဆန်များကြားမှ အန်ဒရီနီကို အနီးအနားရှိ စားသောက်ဆိုင်တစ်ခုသို့ တွဲခေါ်သွားခဲ့သည်ဟုဆိုသည်။

နောက်တစ်နေ့ ဆေးရုံတွင် ပြန်လည်သတိရလာချိန်၌ အန်ဒရီနီက သူ့မိခင်အား "အမေ သမီးရဲ့ဘယ်ဘက်ခြေထောက်ကြီးက ထုံနေတယ်"ဟု ပြောကြားရာ မိခင်ဖြစ်သူက "သမီး သမီးရဲ့ဘယ်ဘက်ခြေထောက်က မရှိတော့ဘူး"ဟု ညင်ညင်သာသာလေး ပြောကြားလိုက်ရသည်။

ဘာသာပြန် ➤ အေဝမ်းစိုး

ဒေးလီးမေးလ်

ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက်၌ ကြိုးဆွဲချ သတ်သေမှုဖြစ်ပွား

ကော့သောင်း ဧပြီ ၂၄

ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် ကော့သောင်း-ဘုတ်ပြင်းကားလမ်းဘေး မြို့အဝင်နတ်ကွန်းအနီး ပင်လယ်ချောက်ကမ်းပါးတောင်စောင်းဘေးရှိ သစ်ပင်အမြင့်ပေါ်မှ (၃၅) နှစ်အရွယ် အမည်မသိသူအမျိုးသားတစ်ဦး ကြိုးဆွဲချ၍ မိမိကိုယ်ကိုသေကြောင်းကြံစည်မှုတစ်ခု ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် သီရိမြိုင်ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပြောပြချက်အရ ထိုသူမှာမိမိတို့၏ ရပ်ကွက်မှ မဟုတ်ကြောင်း၊ အမည်နှင့် လူကိုလည်း မသိရှိပါကြောင်း သိရှိရသည်။

သတိထားမိသူတချို့၏ ပြောပြချက်အရ ထိုလူအား နံနက် ၁၀ နာရီခန့်တွင် ယခုသေဆုံးမည့်အပင်နှင့် မနီးမဝေး လမ်းဘေးအုတ်ခုံတွင် ထိုင်ပြီး ဆေးလိပ်သောက်နေသည်ကို မြင်တွေ့ခဲ့ရကြောင်း သိရှိရသည်။**(အောက်ပုံ)**

အဆိုပါ လူသေမှုဖြစ်စဉ်အား မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ သေမှုသေခင်းပုံစံဖြင့်လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကျော်စိုး-ကော့သောင်း)

လယ်ယာစပါး
ပြည်အားထား
တားဆီးကာကွယ်
မီးရန်စွယ်

❖ ၁၅၀၀ တန်မှ

ဖွင့်လှစ်ရောင်းချနေသော Mobile Bank အရောင်းဆိုင်မှ မန်နေဂျာဖြစ်သူ ကိုသော်ဇင်နှင့် သွားရောက်မေးမြန်းဖြစ်ခဲ့သည်များကို ရေးသားတင်ပြလိုက်ပါသည်။

မေး။ ။ အခု ဟန်းဆက်မပါဘဲ ဆင်းကတ်ချည်းပဲ ချပေးလိုက်တော့ ဟန်းဆက်ဈေးကွက်ရဲ့ အခြေအနေဟာ ဘယ်လို ရှိပါသလဲ။

ဖြေ။ ။ထူးထူးခြားခြားချည်းတော့ ရောင်းအားတိုးလာတာမရှိပါဘူး၊ ဟန်းဆက်ရဲ့ဈေးကွက်အခြေအနေဟာ ပုံမှန် အနေအထားတစ်ခုဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

မေး။ ။ အခုချပေးတဲ့ ဆင်းကတ်နဲ့ သုံးဖို့ ဟန်းဆက်လာဝယ်ကြသူတွေ အနေနဲ့ အဆင်မပြေတာတွေရှိပါသလား။

ဖြေ။ ။ဒါကတော့ရှိတယ်။ ဒီဆင်းကတ်ကို ဟန်းဆက်တိုင်းထည့်သုံးမရဘူး။ အရင်ကျပ် ငါးသိန်းနဲ့ ချပေးတဲ့ CDMA 800 MHz ဆင်းကတ်တွေထည့်သုံးတဲ့ ဟန်းဆက်တွေမှာ ဒီဆင်းကတ်ကို ဟန်းဆက်ကမဖတ်ဘူး။ တချို့ဟန်းဆက်တွေလောက်ပဲ ထည့်သုံးလို့ရတယ်။ ဟန်းဆက်ရွေးတယ်ပေါ့။

မေး။ ။အရင် CDMA-800 MHz ဆင်းကတ်ကျတော့ သုံးလို့ရပြီး အခုဆင်းကတ်ကိုကျတော့ ဘာလို့မရတာလဲ။ ဒါဟာ ဘာကြောင့်ဖြစ်သလဲဆိုတာလေး ရှင်းပြသးသပ်ပေးပါ။

ဖြေ။ ။ဒါကဖြစ်နိုင်တာ နှစ်ခုရှိတယ်။ ကတ်ရဲ့အရည်အသွေးကြောင့်လည်း ဖြစ်နိုင်သလို Network တာပါတိုဝ်ကြောင့်လည်း ဖြစ်နိုင်တယ်လို့ ယူဆရတယ်။

မေး။ ။အခုထုတ်ပေးတဲ့ဆင်းကတ်နဲ့ အဆင်ပြေသုံးစွဲနိုင်တဲ့ ဟန်းဆက် Brand တွေနဲ့ဈေးနှုန်းလေးတွေလည်း ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ဒီဆင်းကတ်ကို Huawei, ZTE ဟန်းဆက်တွေမှာ ဖတ်တာများတယ်၊ TWZ လေးတွေမှာလည်း ဖတ်တာတွေ့ရတယ်။ တချို့ SAMSUNG မှာတော့ မဖတ်ဘူး။ GSMရော၊ CDMAရော ကတ်ပေါက် နှစ်ခုပါတဲ့ SAMSUNG တွေမှာတော့ မစမ်းကြည့်ရသေးဘူး။ အခုဒါကိုဖတ်တဲ့ ဟန်းဆက် Brand တွေက ကျပ် ငါးသောင်းကနေ ကျပ်ရှစ်သောင်းကြားတော့ ပေါက်ဈေးရှိကြပါတယ်။

မေး။ ။အခု ဆင်းကတ်နဲ့ အသုံးများနေတဲ့ ဟန်းဆက်တွေရဲ့တန်ဖိုးကရော ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ CDMA 800 MHz ဟန်းဆက်အတွက် ကျပ်ခြောက်သောင်းဝန်းကျင်နဲ့ CDMA 450 MHz ဟန်းဆက်အတွက် ကျပ်လေးသောင်းဝန်းကျင် တန်ဖိုးရှိတဲ့ ဟန်းဆက်တွေကိုတော့ အသုံးများနေပါတယ်။

မေး။ ။ငွေဖြည့်ကတ်နဲ့ပတ်သက်လို့ ရန်ကုန်မှာ ရောင်းချခွင့်ရတဲ့ ၁၂ ဆိုင်ထဲမှာ အစ်ကိုတို့ဆိုင်တွေပါတယ်လို့သိရပါတယ်၊ ငွေဖြည့်ကတ်ရောင်းအားကရော အခြေအနေဘယ်လိုရှိပါသလဲ။

ဖြေ။ ။ငွေဖြည့်ကတ်က တော်တော်လေးကိုရောင်းနေရတယ်။ Whole sale အနေနဲ့ ဝယ်တာတွေလည်း ရှိတယ်။

မေး။ ။ဒီငွေဖြည့်ကတ်အပါအဝင် တခြားငွေဖြည့်ကတ်တွေရော Whole sale ရောင်းချရမှုက အခြေအနေဘယ်လိုရှိပါသလဲ။ ဘယ်ဒေသက ဝယ်ယူမှုများနေပါသလဲ။

ဖြေ။ ။ဒီရန်ကုန်မြို့ဈေးကွက်ရယ်၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ စစ်တွေ၊ မအူပင် စတဲ့ဒေသတွေက များတယ်၊ အခုတော့ နေပြည်တော်အပိုင်းက ဝယ်တာနည်းသွားတယ်။

မေး။ ။အစ်ကိုအနေနဲ့ နောက်ဆုံးဘာများဖြည့်စွက်အကြံပြုပြောချင်ပါသလဲ။

ဖြေ။ ။အခု ၁၅၀၀ တန်ဆင်းကတ်တွေက မဲစနစ်နဲ့ဆိုတော့ အကန့်အသတ်နဲ့ပဲရကြတယ်။ ဖြစ်နိုင်ရင် လူတိုင်းကျယ်ကျယ်ပြန့်ပြန့်ရသင့်ပါတယ်။ တာဝါတိုင်နဲ့ Connection အခက်အခဲကြောင့် အခုလိုတစ်ဆင့်ချင်း စီစဉ်ပေးတာကိုတော့ နားလည်ပါတယ်။ နောက်ပိုင်းမှာ လူတိုင်းသုံးစွဲနိုင်တဲ့ အခြေအနေမျိုး ရောက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ထက်ခိုင် (စမ်းချောင်း)

သစ်လုံးတစ်တန်ပိုယာဉ်များကြောင့် တံတားကျိုး

ကလေး ဧပြီ ၂၄

ကလေးမြို့နယ် ချမ်းသာကြီးကျေးရွာနှင့် စခန်းကြီးကျေးရွာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ နောင်ဆော့တံတားသည် ဧပြီ ၂၄ ရက်နံနက် ၄ နာရီခန့်တွင် သစ်လုံးတင်ယာဉ် ခြောက်ဘီးကားခေါင်းတို ယာဉ်နံပါတ် ဆ/-----ကြောင့် ကျိုးကျပျက်စီးမှုဖြစ်ပွားခဲ့သည်။**(ယာဉ်)**

ကားပိုင်ရှင်သည် ခံသာကျေးရွာအုပ်စု ၅၆ မိုင်ကျေးရွာမှ ဦးညိုဝင်းဖြစ်ပြီး အဆိုပါ ကားသည် ပျဉ်းသားသစ်လုံးရှစ်လုံး၊ တန်အားဖြင့် ငါးတန်ခွဲရှိ သစ်လုံးများတင်ဆောင်လာကာ ကလေး-တမူးလမ်းမဘက်မှ မောင်းနှင်လာခြင်းဖြစ်ပြီး ချမ်းသာကြီးကျေးရွာအဝင် နောင်ဆော့တံတားပေါ် အရောက်တွင် တံတားနှင့် ခံဝန်အားမမျှသောကြောင့် ကျိုးကျခြင်းဖြစ်ပွားခဲ့သည်။

ပျက်စီးသွားသောတံတားသည် ၂၀၀၉-၂၀၁၀ ခုနှစ် ဝန်းကျင်ခန့်က မြို့နယ်စည်ပင်နှင့် ပြည်သူပူးပေါင်းဆောက်လုပ်ထားခြင်းဖြစ်ပြီး တံတားအရှည်မှာ ပေ ၄၀ ခန့်ဖြစ်ကြောင်း သိရသည်။

သစ်လုံးတင်ယာဉ်များသည် ကလေး-တမူးလမ်းပေါ်ရှိ တန်ပိုဂိတ်ကြေးများကင်းလွတ်ရန်နှင့် ဘီးခွန်ခများ ကင်းလွတ်ရန်အတွက် ကျေးရွာချင်းဆက်လမ်းများမှတစ်ဆင့် ကလေးမြို့သစ်စက်များသို့ ပို့ဆောင်နေကြကြောင်း၊ တစ်ညလျှင် သစ်လုံးတင်ကားကြီး ၁၀ စီးခန့် ဖြတ်သန်းသွားနေကြောင်း ပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

(သျှင်နေမင်း)

ပြည်တွင်းရေးရာ

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့် ဇနီး မစ္စစ် ဟာဂျာ အာနီး ဘမ်ဘန်း ယူဒိုယူနိုတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ပြီး ယနေ့ နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ဖေသက်ခင်နှင့် ဇနီး၊ ဦးဇေယျာအောင်နှင့် ဇနီး၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

ထို့အတူ ညှော်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုတပ်ဖွဲ့ကလည်း အလေးပြု၍ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ ဆွမ်းစားကျောင်းဆောင်သစ်နှင့် မူလတန်းကြိုကျောင်းဖွင့်

နေပြည်တော် မေ ၂၄

ယနေ့နံနက် ၉နာရီတွင် အလှူရှင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် မိသားစုများ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရဦးမြင့်မောင်နှင့် အလှူရှင်များသည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆောက်လုပ်လှူဒါန်းထားသော ဆွမ်းစားကျောင်းဆောင်သစ်အား ရေစက်ချလှူဒါန်းကြသည်။

အဆိုပါအခမ်းအနားတွင် အကျိုးတော်ဆောင် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒာဝုဓ အမှူးပြုသော သံဃာတော် ၄၅ ပါးတို့အား လှူဖွယ်ပစ္စည်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အလှူရှင် ဦးခင်မောင်အေးက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း စိုက်ထူလှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အလှူရှင်များသည် ဆွမ်းစားကျောင်းဝန်းကျင်အတွင်း မိုးဦးရာသီအကြိုသစ်ပင်စိုက်ပွဲတော်ကို ပါဝင်တက်ရောက်အားပေးကြပြီး စိန်တလုံး သရက်ပင်၊ ကျွဲကောပင်နှင့် ပိန္နဲပင်များကို စိုက်ပျိုးပေးကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရန်အောင်မြင်ကျေးရွာအတွင်း မူလထန်းကြိုကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ကြပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

၎င်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၏ဇနီး ဒေါ်ခင်သန့်စင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်ထံသို့ ကျောင်းဆောင်သစ် အဆောက်အအုံနှင့် မြေနေရာအား စာရွက်စာတမ်းများနှင့်တကွ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အလှူရှင် ဦးခင်မောင်အေးနှင့် ဦးထွန်းရင်တို့က ငွေကျပ် ၁၀ သိန်းစီနှင့် ကိုရီးယား စိုက်ပျိုးရေးပညာရှင် Dr. Park က အလှူငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၂၁ သိန်းအား မူလတန်းကြိုကလေးငယ်များအတွက် အာဟာရပြည့်ဝကျွေးရန် ငွေပဒေသာပင်စိုက်ထူလှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် မူလတန်းကြိုကျောင်းကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်မိရပ်ဖများက လက်ခံကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ကစားစရာ အရုပ်ကလေးများ၊ ဝတ်စုံများကို ကလေးငယ်များ တစ်ဦးချင်းစီအလိုက် ကသိုလ်ပြုလှူဒါန်းပေးအပ်ကြပြီး မူလတန်းကြိုကျောင်းဝင်းအတွင်း စိန်တလုံးသရက်၊ ကျွဲကော၊ ပိန္နဲပင်များကို စိုက်ပျိုးပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၅-၂၀၁၃ (ကြာသပတေးနေ့)

၇း၀၃	တရားတော်	၆း၃၅	ကာတွန်းအစီအစဉ် -အာကာသသူရဲကောင်းလေးများ (အပိုင်း-၉၃)
၇း၂၉	မြန်မာ့ရှုခင်း	၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချိုမြိန်သောဘဝ” (အပိုင်း-၂)
၇း၃၅	မြန်မာသံစဉ် ချိုနားဝင်		-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချစ်ခွင့်ရချင်ပြီ” (အပိုင်း-၈)
၈း၀၀	ဇာတ်လမ်းတို		-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဂုဏ်ရည်မတူ” (ဒုတိယတွဲ) (အပိုင်း-၅)
၈း၂၅	အမျိုးသားရေးတေးကဗျာ		
၄း၂၅	ချစ်သစ်တဲ့တူယှဉ်နွဲ		
၄း၃၅	ဗွီစီဒီကျော်ကြားတေး		
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၉၉)		
၆း၀၅	ထူးဆန်းထွေလာမျက်လှည့်ပညာ		

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနှင့် KPMG Singapore, Daiwa Securities Group Inc တို့ပူးပေါင်း၍ Initial Public Offering IPO ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မေ ၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ ကုန်သည်/စက်မှုအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက် ရရှိမည်ဖြစ်ကြောင်း။

ဟောပြောပွဲတက်ရောက်ရန် မေ ၂ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့ သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ပထမထပ်) သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသားသင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း ၀၁-၂၁၄၆၅၁ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟယ်လို...ကြောင့် ပြည်သူတွေ

၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံး မိုဘိုင်းဖုန်းစနစ်ဖြစ်သည့် Analog AMPS 800 Cellular စနစ်ကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စတင်တပ်ဆင်အသုံးပြုခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အဆင့်မြင့်နည်းပညာဖြစ်သည့် Code Division Multiple Access (CDMA) Radio Phone စနစ်ကို စတင်အသုံးပြုခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံတကာတွင် အများဆုံးအသုံးပြုသည့် Global System for Mobile Telephone (GSM)စနစ်ကို အသုံးပြုခဲ့သည်။

၂၀၁၀-၂၀၁၁ ခုနှစ်တွင် CDMA 800/ 450 MHz / GSM ဖုန်းများကို ကျပ်ငါးသိန်းနှုန်း၊ ၂၀၁၂ ခုနှစ်တွင် GSM/ CDMA ဖုန်းများကို နှစ်သိန်း၊ နှစ်သိန်းခွဲနှုန်းဖြင့် ရောင်းချခဲ့သည်။

တန်ဖိုးနည်းငွေကျပ် ၁၅၀၀ တန်ဖုန်းများကို ၂၀၁၃ ခုနှစ် မေ ၂၄ ရက်တွင် စတင်ရောင်းချခဲ့သည်။

တန်ဖိုးနည်းငွေကျပ် ၁၅၀၀ တန်ဖုန်းများကို မြို့နယ်/ရပ်ကွက်

အုပ်ချုပ်ရေး... ရက်တွင် မဲစ... မေ ၂၄ ရက်တွ... ရောင်းချပေးခဲ့... ငယ်သာ စော... များကို အဆ... ခဲ့သည်အတွက်... တချို့ ဝမ်းသ... တွေ့မြင်ရသည်... ဖုန်းအရောင်း... တရုတ်နိုင်ငံထု...

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် (၆၉)ရပ်ကွက်၌ ... ရောင်းချပေးစဉ်။

အလှ...

ရန်ကုန် မေ ၂၄။ ရန်ကုန်အနောက်ပိုင်းခရိုင် အလ... မြို့နယ်အတွင်းရှိ ရပ်ကွက်(၁၁)ရပ်ကွက်သို့ မေ ၂၄ ... အသုံးပြုမည့် ပြည်သူများထံ အလျင်အမြန်ရောက်ရှိ... လိုက်လှဲဝမ်းသာစွာဖြင့် ဤကဲ့သို့ ပွင့်လင်းမြင်သာစွာ ... သိရသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း...

ရန်ကုန် မေ ၂၄

တန်ဖိုးနည်းမိုဘိုင်းဖုန်းဆင်းကတ်များကို လူတန်း... အသုံးပြုနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်... ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ မဲစနစ်ဖြင့် ရောင်း... ၂၄ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(... ရေးမှူးရုံး၌ မဲဖောက်ပေးနေသည်ကို မြင်တွေ့ရသည်...

“ကျပ် ၁၅၀၀ နဲ့ ဖုန်းကိုင်နိုင်တော့မယ်ဆိုတော... ပေ့ါဗျာ။ အပြင်မှာဖုန်းဆက်ရတာ ဈေးကြီးတယ်။ သူတို့... တောင်းနေကြတာ။ အခုလို တန်ဖိုးနည်းမိုဘိုင်းဖု... ရောင်းချပေးတော့ အခြေခံလူတန်းစားတွေလည်း ဖု... ယင်းရပ်ကွက်မှ ဖုန်းဆင်းကတ်မဲပေါက်သူက ဝမ်းသာ...

အဆိုပါ တန်ဖိုးနည်းမိုဘိုင်းဖုန်းဆင်းကတ် ၂... (အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ကွက်များအား ခွဲ... အမှတ် (၁)ရပ်ကွက်အတွက် ဆင်းကတ် ၁၀၀ ရရှိသဖြ... ဝင်များ၊ ရပ်မိရပ်ဖများကကြီးကြပ်၍ မဲစနစ်ဖြင့် ... ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရ...

※ တစ်နေ့အရောင်သုံးကြိမ်မှ

အရှင်ကလေးမှန်းသိရတယ်။ ဒါနဲ့ အိမ်မှာ သေချာမွေးထားတယ်၊ လိပ်စာကတော့ ကိတ်မုန့်တို့ ထမင်းတို့၊ ငုံးဥပြုတ်တို့ကို ချေပြီးကျွေးတယ်၊ စားလည်းစားတယ်၊ ထူးခြားတာက လိပ်ကျောကုန်းအရောင်က မနက်ပိုင်းမှာ အဖြူစင်းတွေပေါ်တယ်၊ နေ့လယ်မှာ အညိုရောင်ပြောင်းသွားပြီး ညနေကျတော့ အနက်ရောင်ဖြစ်သွားတယ်၊ ကျောကုန်းက အကွက်တွေထဲမှာ စမအင်းဆန်ဆန်စာလုံးတွေ့ရတယ်”ဟု အသေးစိတ်ရှင်းပြသည်။

နယ်စပ်ကုန်သွယ်ရေးလုပ်ကိုင်နေသည့် မကွေးဒေသခံ ကုန်သည်ကြီးတစ်ဦးက “ကျိုင်းတုံ၊ လားရှိုးဘက်က တရုတ်သူဌေးအိမ်တွေမှာ ဒီလိုလိပ်မျိုးကလေးတွေကို ငါးအလှမွေးသလို မှန်လုံအိမ်ထဲထည့်ပြီး မွေးကြတာ တွေ့ဖူးတယ်။ သူတို့ရဲ့ ဧည့်ခန်းဆောင်ထဲမှာထားပြီး စီးပွားတိုးတက်ကြတယ်လို့ ယုံကြည်ကြတယ်”ဟု သူ့အတွေ့အကြုံကိုရှင်းပြသည်။ **(မကွေးလှမြင့်)**

ညနေပိုင်းထမင်း /ဟင်းချက်ချိန် မီးသတိပေးနိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်း ချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

သွားလာခွင့်ကန့်သတ်ထားသော ကမ်းနားလမ်းဟောင်းတွင် ကုန်တင်ယာဉ်ကြီးများ နေ့စဉ်ရပ်နားထားသည်ကို တွေ့ရ

ရန်ကုန် မေ ၂၄

ကုန်တင်ယာဉ်ကြီးများ သွားလာခွင့်မပြုသော ကြည့်မြင်တိုင် ဟုမ်းလမ်း လမ်းဆုံမှ ဗိုလ်တထောင်ကြားရှိ ကမ်းနားလမ်းဟောင်းပေါ်ရှိ ကမ်းနားလမ်းသစ်အကြား ယာဉ်ရပ်နားရန်သက်ဆိုင်ရာမှ ပြုလုပ်ပေးသောနေရာများတွင် ခြောက်ဘီးကုန်တင်ယာဉ်ကြီး မျိုးစုံ၊ နောက်တွဲယာဉ်ကြီးများ၊ ကုန်သေတ္တာတင်ယာဉ်မျိုးစုံများ ဆက်လက်ရပ်နားနေဆဲ ဖြစ်ကြောင်းနှင့် ကမ်းနားလမ်းဟောင်း ပေါ်တွင် သွားလာသော ကုန်တင်ယာဉ်ကြီးများကို သက်ဆိုင်ရာမှ စစ်ဆေးတွေ့ရှိအရေးယူပါက ဒဏ်ငွေကျပ်သိန်းချီ ပေးဆောင်ရမည်ဟု ကုန်သေတ္တာတင် ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

မေ ၂၄ ရက် နံနက် ၁၀ နာရီဝန်းကျင်တွင် ကမ်းနားလမ်းဟောင်းပေါ်တွင် ယာဉ်ထိန်းအဖွဲ့ နှစ်ဖွဲ့နှင့် စည်ပင်ရဲလှည့်ကင်းအဖွဲ့ တစ်ဖွဲ့ စုစုပေါင်း သုံးဖွဲ့တို့သည် လမ်းဘေးရပ်ယာဉ်များ စစ်ဆေးအရေးယူနေသည်ကို မြင်တွေ့ရကြောင်း၊ ကိုင်းတန်းလမ်းမှ သစ်တောလမ်းအကြား ကမ်းနားလမ်းဟောင်းဘေးပေါ်တွင် ပေ ၄၀ ကုန်သေတ္တာနှင့် ပေ ၂၀ ကုန်သေတ္တာတင်ယာဉ် ၁၀ စီးဝန်းကျင်အပါအဝင် ခြောက်ဘီးယာဉ်ကြီးများ၊ နောက်တွဲယာဉ်များ အစီးရေ ၃၀ ခန့် ရပ်နားထားကြောင်း၊ သစ်တောလမ်းမှ ဟုမ်းလမ်း လမ်းဆုံအကြား ကမ်းနားလမ်းဟောင်းဘေးနှစ်ဖက်တွင် တူညီသော အရောင်များရှိသည့် နောက်တွဲယာဉ်ကြီးများ ၁၀ စီးဝန်းကျင် ရပ်ထားကြောင်း၊ သွားလာခွင့်မပြုထားသော၊ အရေးယူလျှင် ဒဏ်ငွေ သိန်းချီရှိသည်ဆိုသော သက်ဆိုင်ရာမှသွားလာခွင့်ကန့်သတ်ထားသည့် ကမ်းနားလမ်းဟောင်းတွင် ကုန်တင်ယာဉ်ကြီးများ နေ့စဉ်ရပ်နားထားသည်ကို မြင်တွေ့နေရလေရာ တားမြစ်ကန့်သတ်မှုများကို ပိုပြင်းစွာ လိုက်နာစေလိုကြောင်း၊ သကြံန်ရက်အတွင်း မင်းဓမ္မလမ်းနှင့် ရှစ်မိုင်ပြည်လမ်းမကြားရှိ ကျိုက်ဝိုင်းဘုရားလမ်း ပေါ်တွင် ခေါင်းတွဲမပါ နောက်တွဲယာဉ်များ စီတန်း၍ ၁၅ စီးဝန်းကျင်ရပ်ထားရာ ယာဉ်ကြောတစ်ကြောစာ နေရာပျောက်သည်ကို မြင်တွေ့ရကြောင်း အိမ်စီးယာဉ်ငယ်မောင်းတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့ပေါ်တွင် များပြားလာသော အိမ်စီးယာဉ်ငယ်များ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသော စီးလုံးငှား တက္ကစီယာဉ်များသာမက နေရာအနှံ့တွင် ကုန်တင်ယာဉ်ကြီးများ၊ နောက်တွဲယာဉ်ခေါင်းတွဲမပါ၊ ခေါင်းတွဲပါရှိသည့်ယာဉ်များ များလာရာ လမ်းကြောင်းပေါ်တွင် ရပ်တန့်ထားမှုများကို သက်ဆိုင်ရာက အရေးယူမှုသာ ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုများ လျော့ကျနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းတွင် အကျိုးအမြတ်ရယူထားသော ကုန်စည်ပို့ဆောင်ရေးယာဉ်များအနေဖြင့် အများပြည်သူ သွားလာရေးအတွက် ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ခြံလှောင်စနစ်ဖြင့် မွေးမြူရေးလုပ်ကိုင်ရမည့် အစား ရပ်ထွက်အတွင်း လွှတ်ကျောင်းမွေးမြူသည့် စနစ်ကဲ့သို့ မိမိအကျိုးစီးပွားကောင်းမွန်မှုအတွက် အများပြည်သူအပေါ် အခက်အခဲဖြစ်၊ မဖြစ်ကို ထည့်သွင်းစဉ်းစားလုပ်ဆောင်ပေးကြရန် လိုအပ်နေသည်ဟု ရန်ကုန်မြို့နေပြည်သူများက ဆိုနေကြသည်။

(မောင်စေအောင်)



ဟယ်လို...ကြောင့် ပြည်သူတွေ ပျော်ရွှင်ရပြီ

၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံး မိုဘိုင်းဖုန်းစနစ်ဖြစ်သည့် Analog AMPS 800 Cellular စနစ်ကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စတင်တပ်ဆင်အသုံးပြုခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် အဆင့်မြင့်နည်းပညာဖြစ်သည့် Code Division Multiple Access (CDMA) Radio Phone စနစ်ကို စတင်အသုံးပြုခဲ့သည်။ ၂၁၀၀ ပြည့်နှစ်တွင် နိုင်ငံတကာတွင် အများဆုံးအသုံးပြုသည့် Global System for Mobile Telephone (GSM)စနစ်ကို အသုံးပြုခဲ့သည်။

၂၀၁၀-၂၀၁၁ ခုနှစ်တွင် CDMA 800/ 450 MHz / GSM ဖုန်းများကို ကျပ်ငါးသိန်းနှုန်း၊ ၂၀၀၂ ခုနှစ်တွင် GSM/ CDMA ဖုန်းများကို နှစ်သိန်း၊ နှစ်သိန်းခွဲနှုန်းဖြင့် ရောင်းချခဲ့သည့်။

တန်ဖိုးနည်းငွေကျပ် ၁၅၀၀ တန်ဖုန်းများကို ၂၀၁၃ ခုနှစ် မေ ၂၄ ရက်တွင် စတင်ရောင်းချခဲ့သည်။

တန်ဖိုးနည်းငွေကျပ် ၀၅၀၀ တန်ဖုန်းများကို မြို့နယ်/ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မေ ၂၃ ရက်တွင် မဲစနစ်ပြင့် ရွေးချယ်ကာ မေ ၂၄ ရက်တွင် ဖုန်းများကို စတင်ရောင်းချပေးခဲ့သည်။ အချိန်အနည်းငယ်သာ စောင့်ဆိုင်းပြီး ဖုန်းကတ်များကို အဆင်ပြေစွာထုတ်ယူခွင့်ရခဲ့သည့်အတွက် ရပ်ကွက်နေပြည်သူတချို့ ဝမ်းသာနေလျက်ရှိကြောင်း တွေ့မြင်ရသည်။ ရပ်ကွက်အတွင်း ဖုန်းအရောင်းဆိုင်များတွင်လည်း တရုတ်နိုင်ငံထုတ် ဈေးအသက်သာ

"ဖုန်းပြောနိုင်တော့မှာဖြစ်တဲ့အတွက် ဝမ်းသာပါတယ်"
[မမျိုး]

ဆုံး တန်ဖိုးအသင့်အတင့်မှုရှိသော ဟန်းဆက်များအရောင်းသွက်လျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

အခြေခံလူတန်းစားများ ကိုင်နိုင်သော ဈေးသက်သာသည့် ဖုန်းများကို ယခုတလော တင်သွင်းလျက်ရှိကြောင်းကိုလည်း ဖုန်းအရောင်းဆိုင်မှ သိရသည်။ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်သည် ခွဲတမ်းအရ ဆင်းကတ် ၀၉၀၀ ရရှိသည်။ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့ (၆၉)ရပ်ကွက်နေ လက်လုပ်လက်စား လုပ်ကိုင်သူ ဆင်းကတ် မဲပေါက်သူ ဦးချစ်လွန်း အသက် (၅၁)နှစ်ကလည်း "တန်ဖိုးနည်းဖုန်း အသုံးပြုခွင့်ရတဲ့အတွက် ဝမ်းသာဝါတယ်၊ ယခုလို အသုံးပြုဖို့ ဆောင်ရွက်ခွင့်ပြုပေးတဲ့ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒါတောင်မှ ဟန်းဆက်ဖိုး မတတ်နိုင်တဲ့အတွက် လာမလျှောက်တဲ့သူတွေလည်း အများကြီးရှိနေသေးတာကိုလည်း တွေ့ရပါတယ်" ဟု ပြောသည်။

မမျိုး အသက် (၃၅)နှစ် ကလည်း "ယခုလို ဖုန်းရတာကြောင့် မြန်မာ-ကိုရီးယားဇာတ်လမ်းတွဲတွေ ထဲက အတိုင်း လမ်းဘေးဈေးသည်ကအစ မုန်းပြောနိုင်တော့မှာဖြစ်တဲ့အတွက် ဝမ်းသာကျေနပ်ရဝါတယ်"ဟု ပြောသည်။

မိုဘိုင်းဖုန်းသည် ယခင်က လူချမ်းသာများ၏ အဆောင်အယောင်ဇိမ်ခံပစ္စည်းတစ်ခုအဖြစ်မှ ယခု မိုဘိုင်းဆက်သွယ်ရေးစနစ်များ ကောင်းမွန်လာ၍ လူထုဆက်သွယ်ရေး ကိရိယာအဖြစ် အသွင်ပြောင်းလာသည်ကို တွေ့ရသည်။ မြန်မာပြည်သူများအနေပြင့် မမျှော်လင့်သော ဈေးနှုန်းဖြင့် အသုံးပြုနိုင်၍ ပြည်သူများ ရွေးချယ်တင်မြှောက်ခဲ့သည့် ဒီမိုကရေစီအစိုးရ၏ နှစ်နှစ်တာကာလအတွင်း ထူးခြားသော ဖြစ်ရပ်အဖြစ်ရှုမြင်ရကြောင်း တင်ပြလိုက်ရပါသည်။

(ဝင်းဝင်းမော်)

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် (၆၉)ရပ်ကွက်၌ ဖုန်းဆင်းကတ်များ ရောင်းချပေးစဉ်။

အလုံမြို့နယ်

ရန်ကုန် မေ ၂၄။ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွက် ချပေးခဲ့သော CDMA ဆင်းကတ်များအား မြို့နယ်အတွင်းရှိ ရပ်ကွက်(၁၁)ရပ်ကွက်သို့ မေ ၂၄ ရက်တွင် မဲစနစ်ဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ရာ အမှန်တတယ်အသုံးပြုမည့် ပြည်သူများထံ အလျင်အမြန်ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူများမလည်း လိုက်လှဲဝမ်းသာစွာဖြင့် ဤကဲ့သို့ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ဝေးခြင်းအပေါ် ၁မ်းမြောက် ကျေနပ်နေကြောင်း သိရသည်။

(ရွှေတိုင်လွင်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကဝမြို့နယ် လေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၄

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ပင်းသည် မေ ၂၂ ရက် မွန်းထွဲပိုင်းထွင် ကဝမြို့နယ် အေးမွန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမွှဲ၌ မေ ၀၇ ရက် (နှစ်ဆန်း ၁ ရက်နေ့)တ တိုက်ခတ်ခဲ့သော လေပြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများခံခဲ့ရသည့် လေဘေးသင့်ပြည်သူများအား သွားရောက် တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်(ယာဝုံ)က လေဘေးသင့်ကျေးရွာများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေများပေးအပ်ပြီး တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိမ်ထောင်စု တစ်စုလျှင် ပစ္စည်းရစ်မျိုးစီဖြင့် အိမ်ထောင်စု ၃၁၅ စုအတွက် ၄၉ သိန်းကျော် တန်ဖိုးရှိပစ္စည်းများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးတ ထောက်ပံ့ပေးအပ်သည်။

အလားတူ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် တာပန်ရှိသများသည် သရက်ကန်းကျေးရွာ လေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ပစ္စည်းနှင့် ထောက်ပံ့ငွေများ ဝေးအပ်သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လေဘေးသင့်ပြည်သူများအတွက် အမိုးလန်နေအိမ်တစ်လုံးလျှင် ငွေကျောင် ၂၅၀၀၀၊ ပြိုကျနေအိမ်တစ်လုံးလျှင် ငွေကျပ် ၄၅၀၀၀ နှုန်းဖြင့် လေဘေးသင့်ကျေးရွာ ၀၀ ရွာ၊ အိမ်ထောင်စု

၅၄၂ စုအတွက် ငွေကျပ်သိန်း ၂၀၀ ကျော် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အမြို့မြို့အနယ်နယ်တွင် တန်ဖိုးနည်းဖုန်းကတ်များ စတင်ရောင်းချ

ကမာရွတ်မြို့နယ်

ရန်ကုန် မေ ၂၄

MEC TEL အမှတ်တံဆိပ်ပါ CDMA-800 MHz Prepaid တန်ဖိုးနည်းမိုဘိုင်းဖုန်းများကို မေ ၂၄ ရက်မှစတင်ကာ ပြည်သူများ လက်ဝယ်သို့ ရောင်းချပေးနေပြီဖြစ်သည်။

ကမာရွတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အမှတ် (၀)ရပ်ကွက် တန်ဖိုးနည်းဖုန်းချထားပေးရေးကော်မတီက အောင်ချမ်းသာ ဓမ္မာရုံ၌ နံနက် ၀၀ နာရီမှ စတင်ကာ မဲစနစ်ဖြင့် ဖြန့်ဝေ ရောင်းချလျက်ရှိကြောင်း သိရသည်။

မေလအတွက် ကမာရွတ်မြို့နယ်သို့ Sim Card အရေအတွက် ၁၃၀၀ ချထားပေးခဲ့ရာ အမှတ်(၁) ရပ်ကွက်မှ (၀၈၃)ကတ် ခွဲဝေရရှိခဲ့ပြီး လျှောက်ထားသူ ၅၆၀ ရှိကြောင်း သိရသည်။

ထိုသို့ တန်ဖိုးနည်းဖုန်းရောင်းချပေးနေမှုများကို ခြောက်လခန့် ဆက်တိုက်ပြုလုပ်ဝေးသွားမည်ဖြစ်ပြီး တတိယပတ်မှ စတင်ကာ GSM Sim Card များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း တန်ဖိုးနည်းဖုန်းချထားရေးကော်မတီဝင်တစ်ဦးက ပြောကြားခဲ့သည်။

ထင်ဝေါ်ဝင်း(ကမာရွတ်)

မန္တလေးမြို့

မန္တလေး မေ ၂၄

မေ ၂၄ ရက်မှစ၍ ရောင်းချပေးမည့် ငွေကျပ် ၀၅၀၀ တန် CDMA-800 MHz ဆင်းကတ်များအား မန္တလေးမြို့တွင် မြို့နယ်အလိုက် ရပ်ကွထ်အုပ်ချုပ်ရေးမှူးရုံးများ၌ တန်းစီဦးရာလစနစ်ဖြင့် ရောင်းချပေးသည်။

မြို့နယ်အလိုက် ဆင်းကတ်ခွဲတမ်းရရှိမှာ အောင်မြေသာစံမြို့နယ် ၄၅၀၀ ကတ်၊ ချမ်းအေးသာစံမြို့နယ်တွင် ၃၅၀၀ ကတ်၊ မဟာအောင်မြေမြို့နယ်တွင် ၃၅၀၀ ကတ်၊ ချမ်းမြသာစည်မြို့နယ်တွင် ၅၅၀၀ ကတ်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၃၅၀၀ ကတ်၊ အမရပူရမြို့နယ်တွင် ၅၉၀၀ ကတ်၊ ပုသိမ်ကြီးတွင် တတ် ၆၀၀၀ ဖြစ်ကြောင်း သိရသည်။ ဆင်းကတ်ဝယ်ထုလိုသူများသည် အိမ်ထောင်စုဇယားမူရင်း၊ ပတ်စပို့ဓာတ်ပုံ နှစ်ပုံ ယူဆောင်လာရန်လိုအပ်ပြီး အိမ်ထောင်စုတစ်စုလျှင် ဆင်းကတ် တစ်ကတ်နှုန်းသာ ရောင်းချပေးသည်။ မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးအတွက် ဆင်းကတ်ပေါင်း ၆၅၁၀၀ ရောင်းချပေးမည်ဖြစ်ရာ မန္တလေးခရိုင်အတွင်း ခွဲတမ်းဆင်းကတ်ပေါင်း ၃၂၄၀၀ ရောင်းချပေးသည်။

(၀၀၂)

မြိတ်မြို့နယ်

မြိတ် မေ ၂၄

မြိတ်မြို့၌ ဖြည်သူများလိုလားတောင့်တလျက်ရှိသော တန်ဖိုးနည်းဖုန်းများကို မေ ၂၄ ရက် နံနက် ၉ နာရီတွင် ပုလဲရတနာခန်းမ၌ စတင်ရောင်းချပေးရာ ခန်းမရှေ့တွင် ဖုန်းဝယ်ယူလိုသော ပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

တန်ဖိုးနည်းဖုန်းများကို ပြည်သူများအနေဖြင့် မေ ၂၂ ရက်တွင် ကိုယ်တိုင်ရေး လျှောက်လွှာ၊ အိမ်ထောင်စုစာရင်း မူရင်း+မိတ္တူ တစ်စောင်၊နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း+မိတ္တူနှစ်စောင်၊ ကာလာဓာတ်ပုံနှစ်ပုံဖြင့် ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် လျှောက်ထားကြသည်။

ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများက လူဦးရေများသော ရပ်ကွက်များတွင် မဲစနစ်ဖြင့်လည်းကောင်း၊ လူဦးရေနည်းသော ရပ်ကွက်များတွင် တန်းစီစနစ်ဖြင့်လည်းကောင်း စိစစ်ဆောင်ရွက်ပေးကြသည်။

အဆိုပါ တန်ဖိုးနည်းဖုန်းကို ယနေ့တွင် ပြည်သူများ၏လက်ဝယ်သို့ ၀၉-၃၁၁၉၅၈၆၁ နံပါတ်မှစ၍ ဆိပ်ငယ်၊ ဈေးတန်းကန်ကြီး၊ ရေပန်း၊ အလယ်ကျွန်း၊ ကန်ခေါင်း၊ နောက်လယ်၊ မြိတ်တောင် ရပ်ကွက်များတွင် နေထိုင်ကြသော ပြည်သူများအား စတင်ရောင်းချပေးပြီး ကျန်ရှိသော ရပ်ကွက်/ကျေးရွာများကို ဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။ မြိတ်မြို့နယ်တွင် တန်ဖိုးနည်းဖုန်း အလုံး ၃၀၉၀ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ဖြန်/ဆက်)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)

ရန်ကုန် မေ ၂၄

ကန်ဖိုးနည်းမိုဘိုင်းဖုန်းဆင်းကတ်များကို လူတန်းစားမရွေး ကိုင်ဆောင်အသုံးပြုနိုင်ရန်အတွက် ရန်တုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ မဲစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ မေ ၂၄ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မဲဖောက်ဝေးနေသည်ကို မြင်တွေ့ရသည်။

"ကျပ် ၁၅၁၀ နဲ့ ဖုန်းကိုင်နိုင်တော့မယ်ဆိုတော့ အရမ်းဝမ်းသာတာပေါ့ဗျာ။ အပြင်မှာဖုန်းဆက်ရတာ ဈေးကြီးတယ်။ သတိတောင်းချင်သလောက်တောင်းနေကြတာ။ အခုလို တန်ပိုးနည်းမိုဘိုင်းဖုန်းဆင်းကတ်တွေကို ရောင်းချပေးတော့ အခြေခံလတန်းစားတွေလည်း မုန်းကိုင်နိုင်ပြီပေါ့" ဟု ထင်းရပ်ကွက်မ ဖုန်းဆင်းကတ်မဲပေါက်သူက ၁မ်းသာအားရ ပြောသည်။

အဆိုဝါ တန်ဖိုးနည်းမိုဘိုင်းဖုန်းဆင်းကတ် ၂၀၀၀ ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ကွက်များအား ခွဲဝေဖြန့်ဖြူးပေးထားရာ အမှတ် (၁)ရဝ်ကွက်အတွက် ဆင်းကတ် ၀၀၀ ရရှိသဖြင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများကကြီးကြပ်၍ မဲစနစ်ဖြင့် ရောင်းချပေးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

(မောင်သုည)

မေ ၂၄ ရက်က ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ CDMA-800 MHz တန်ဖိုးနည်းဖုန်းများအား ပတမသုတ်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ဝခက္ကူ)မှ ဝန်တမ်းများ၊ ထွေ/အုပ် စာရေးဝန်ထမ်းများက အများပြည်သူများရှေ့မှောက်တွင် ရောင်းချပေးနေစဉ်။

အောင်(မန်းတက္ကသိုလ်)

ကျိုင်းတုံမြို့နယ်

ကျိုင်းတုံ မေ ၂၄

ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မေ ၂၄ ရက် ရုံးဖွင့်ချိန်မစတင်၍ တန်ဖိုးနည်းမိုဘိုင်းဖုန်း Sim Card များအား သတ်မှတ်ထားသည့် ဈေးနှုန်းဖြစ်သော ကျပ် ၁၅၀၀ နှင့် စတင်ရောင်းချပေးကြောင်း သိရသည်။

ယခုစတင်ရောင်းချပေးရာတွင် ရရှိထားမြီးသူများအား မှတ်တမ်းပြုစထားပြီး နောက်ထပ် လစဉ် ရောင်းချပေးသွားမည့် အစီအစဉ်များတွင် Sim Card မရရှိသေးသူများအား စိစစ်ရွေးချယ်၍ ဦးစားပေးရောင်းချသွားမည်ဟုလည်း သိရသည်။

ကျိုင်းတုံမြို့နယ် CDMA-450 MHz များမှာ တောင်ပေါ်ကျေးရွာနေသူများက လိုင်းဆွဲအားကောင်းပြီး အလွယ်တကူ ဆက်သွယ်ပြောဆိုနိုင်သောကြောင့် လူသုံးများကာ အဝယ်လိုက်နေလျက်ရှိပြီး ယခုထပ်မံရောင်းချပေးမည့် CDMA-800 MHz များမှာလည်း နယ်ပရိသတ်အကြိုက်ဖြစ်နေပြီး ဈေးနှုန်းသက်သာသောကြောင့် ဝမ်းသာအားရလျှောက်ထားသူ များပြားကြောင်း သိရသည်။

(၅၁၃)

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အာဆီယံ ၁၀ နိုင်ငံမှ အနုပညာရှင် ၃၀၀ ကျော် မြန်မာယဉ်ကျေးမှုပညာရှင်များနှင့် တွဲဖက်ဖျော်ဖြေတင်ဆက်သွားရန် စီစဉ်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် အာဆီယံ ၁၀ နိုင်ငံမှ သက်ဆိုင်ရာ နိုင်ငံအလိုက် ယဉ်ကျေးမှုအနုပညာရှင် စုစုပေါင်း ၃၀၀ တို့က မြန်မာယဉ်ကျေးမှုပညာရှင်များနှင့်တွဲဖက်ကာ ဖျော်ဖြေတင်ဆက်သွားရန် စီစဉ်ထားကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရန်နိုင်ဦးက ပြောကြားသည်။

"နိုင်ငံတကာအနေ အားကစားပြိုင်ပွဲတွေမှာ အနုပညာပေါင်းစပ်ဖျော်ဖြေတာက နည်းပါတယ်။ ရှေ့နိုင်ငံက ကြိုနေမယ်ဆိုတဲ့သီချင်းကို သက်ဆိုင်ရာနိုင်ငံအလိုက် ရိုးရာအကတွေနဲ့ဖျော်ဖြေကြမှာပါ။ မြန်မာအပါအဝင် ၁၁ နိုင်ငံက အနုပညာရှင်တွေ ကပြကြမှာပါ" ဟု ၎င်းက မေ ၁၂ ရက်တွင် ကျင်းပခဲ့သော ဆီးဂိမ်းအကြိုသတင်းစာရှင်းလင်းပွဲ၌ ရှင်းပြသည်။ ထိုင်း၊ ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ အရှေ့တီမော၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့မှ ယဉ်ကျေးမှုအနုပညာရှင်များက ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် လာရောက်ဖျော်ဖြေကြမည်ဖြစ်ပြီး တစ်နိုင်ငံလျှင် အနုပညာရှင် ၃၀ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ "အနုပညာရှင်တွေက ယဉ်ကျေးမှုဝန်ကြီးဌာနကရယ်၊ ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းတွေက ကလေးတွေရယ်ပါမယ်၊ နောက်ပြီးတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ အနုပညာရှင်တွေကလည်း သူတို့တတ်နိုင်တဲ့ဘက်က ကူညီကြမှာပါ၊ ဒီဆီးဂိမ်းမှာ ကဏ္ဍစုံ အနုပညာရှင်ပေါင်း သောင်းနဲ့ချီပါဝင်သွားမှာပါ၊ အာဆီယံနိုင်ငံတွေနဲ့ တွဲဖက်ကဖို့အတွက်ကတော့ မြန်မာဘက်က အနုပညာရှင် ၁၆၀၀ လောက် ပါပင်ပါမယ်"ဟု ဦးရန်နိုင်ဦးက ပြောသည်။

အနုပညာဆိုင်ရာနှင့်ပတ်သက်၍ ရုပ်ရှင်နှင့် သဘင်အစည်းအရုံးမှ အကြံဉာဏ်များ တောင်းခံထားကြောင်း၊ ပါဝင်မည့် နိုင်ငံတကာအနုပညာရှင်များနှင့် အချိန်တစ်လကျော်ကြာ လေ့လာဆည်းပူး ဖလှယ်သွားရန် စီစဉ်ထားကြောင်း၊ နိုင်ငံတကာမှ ကကွက်များ၊ ကပြမည့် တေးသွားများကို မေပြီလကုန်မှစ၍ သက်ဆိုင်ရာနိုင်ငံများမှ မြန်မာနိုင်ငံသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားပြု ယဉ်ကျေးမှုအကအလှ အနုပညာရှင် မစ္စစ်ဘွန်တရာဂျန်တရာက "ကျွန်မတို့နိုင်ငံရိုးရာအကတွေကို မြန်မာနိုင်ငံက ရိုးရာအကနဲ့ ပေါင်းစပ်သွားမှာပါ၊ ဟာမိုနီဖြစ်အောင် ကပြသွားမှာပါ။ ကျွန်မတို့ရိုးရာအကကို မြန်မာပရိသတ်တွေ သိပ်ရင်းနှီးမှာ မဟုတ်ပေမယ့် ကြိုက်နှစ်သက်ကြမယ် ထင်ပါတယ်၊ မြန်မာ့ရိုးရာအကဟာ အနုစိတ်ပြီး တကယ့်ကို သိမ်မွေ့လှပတဲ့ အကတွေပါ။ ပွဲတွေကရင်း လေ့လာခဲ့ရလို့ ကျေနပ်ပါတယ်"ဟု ပြောသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ လက်ခံကျင်းပသွားမည်ဖြစ်ကာ အရှေ့တောင်အာရှ ၁၀ နိုင်ငံအပါအပင် အရှေ့တီမောနှင့်ပေါင်း ၁၁ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၆၁ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၆၉ ခုနှစ်တွင် တစ်ကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ယခုအခါ ၄၄ နှစ်အကြာတွင် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

(ကိုမင်းဝေ)

သံတောင်မြို့တွင် ပသိချောင်းရေအား ရေပိုက်လိုင်းများဖြင့် သွယ်ယူသုံးစွဲ

သံတောင် မေ ၂၄

ကရင်ပြည်နယ် သံတောင်မြို့တွင် ပသိချောင်းရေအား သောက်ရေ၊ သုံးရေနှင့် စိုက်ပျိုးရေးအတွက် သုံးစွဲလျက်ရှိရာ ချောင်းနှင့်နီးသော နေအိမ်များမှာ ချောင်းအတွင်းမှ လွယ်ကူစွာ ခပ်ယူသုံးစွဲနိုင်သည်၊ တောင်ပေါ်မြို့ဖြစ်သည့်အလျောက် ကုန်းမြင့်ပိုင်းတွင် နေအိမ်များရှိရာ အဆိုပါ နေအိမ်များအတွက် ရေကျအားကောင်းသော ပသိချောင်းဖျားပိုင်းမှစ၍ ချောင်းတစ်လျှောက် ပိုက်များသွယ်တန်းကာ ချောင်းရေကို သွယ်ယူသုံးစွဲလျက်ရှိသည်။ **(အပေါ်ယာပုံ)** ပိုက်များမှ ကျလာသောရေအား ရေလှောင်ကန်များတွင် သိုလှောင်ကာ ကုန်းမြင့်ပိုင်းနေအိမ်များသို့ ဖြန့်ဖြူးသုံးစွဲလျက်ရှိပြီး ရေကျအားကောင်းသော နေရာမှစ၍ သွယ်ယူထားခြင်းကြောင့် ရေကို လိုအပ်သလောက် သုံးစွဲနိုင်သည်။ မြို့လူထုအနေဖြင့် ချောင်းရေကို အဓိကသုံးစွဲနေရခြင်းကြောင့် ပသိချောင်းအတွင်း လာရောက်လည်ပတ်သူများက ပုလင်းခွံ၊ ဘီယာဘူးခွံနှင့် အမှိုက်များပစ်ချခြင်းကို သံတောင်မြို့ အုပ်ချုပ်ရေးအဖွဲ့မှ တင်းကျပ်စွာ တားမြစ်ထားကြောင်း သိရသည်။

ကိုလွင်(ဆွာ)

စီးပွား/ကူးသန်းဌာနများ အမည်ပြောင်းလဲသတ်မှတ်

တောင်ကြီး မေ ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများအား လက်တွေ့ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်လိုက်လျောညီထွေရှိသည့်အမည်များအား ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၃)၏ သဘောတူညီချက်အရ ဌာနအမည်များ ပြောင်းလဲသတ်မှတ်ပြီးကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနအား ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဟု လည်းကောင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးအား ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုခဲ့ပြီး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှာမူ ယခင်အမည်အတိုင်းပင်ဖြစ်ကြောင်း သိရသည်။

ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနသည် နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်များနှင့် တစ်ဖက်နိုင်ငံမှ တင်သွင်းသည့် အစားအသောက်ကုန်စည်စလယ်များအား ဘေးအန္တရာယ် ကာကွယ်ရေးနှင့် စားသုံးရန် သင့်၊ မသင့်ကိစ္စများအားလည်းကောင်း၊ ကုန်သွယ်ရေးမြှင့်တင်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ ဆန်၊ ဆီနှင့် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှုအသင်းများ ဖွဲ့စည်းခြင်း၊ ကုန်သည်အသင်းများ ဖွဲ့စည်းခြင်းနှင့် ရောင်းဝယ်ဖောက်ကားမှု အခြေခံစာရင်းဇယားများ ပြုစုခြင်းလုပ်ငန်းများအားလည်းကောင်း၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ကုန်သွယ်ရေးမူဝါဒ ကိစ္စများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(နိုင်ထွန်း-TGI)

မန္တလေး-မူဆယ် ကုန်ဆင်ခများ ကျဆင်း

မန္တလေး မေ ၂၄

တရုတ်နယ်စပ်တွင် ဆန်နှင့် ဖရဲသီးဈေးနှုန်းများကျဆင်းလာမှုနှင့်အတူ မန္တလေး-မူဆယ်ကားခများ ကျဆင်းလာသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းက ဆန်တစ်တန်လျှင် ကားခငွေကျပ် ၉၀၀၀၀ နှုန်း ပေးကြရရာ ဆန်ကုန်သည်များအကျိုးအမြတ်ရရှိမှုနည်းသည့်အတွက် မူဆယ်သို့ ဆန်တင်ပို့မှုလျော့ကျလာခြင်းကြောင့် ဧပြီလတွင် ကားခဈေးနှုန်း ဆန်တစ်တန်လျှင် ငွေကျပ် ၈၆၀၀၀ အထိ ဈေးကျဆင်းခဲ့သည်။

ဖရဲသီးများလည်း နယ်စပ်တွင် အဝယ်မလိုက်သည့်အတွက် မန္တလေးဈေးကွက်တွင် လျှော့ဈေးဖြင့် ရောင်းချနေကြပြီး မူဆယ်ကားခများလည်း ကျဆင်းလာသည်။ မန္တလေးတိုင်းဒေသကြီး မြစ်ငယ်၊ ပလိပ်ဒေသရှိ ဖရဲသီးဒိုင်များမှ မူဆယ်အထိ ဖရဲသီးတစ်တန်တင်ပို့ခမှာ ယခင်က ငွေကျပ် ၁၁၅၀၀၀ ရှိရာမှ ယခုအခါ ငွေကျပ် ၁၀၀၀၀၀ ဝန်းကျင်သာရှိသည်။

ကုန်စည်ပို့ဆောင်ခများ အတက်၊ အကျပြောင်းလဲနေသော်လည်း ကုန်တင်ယာဉ်ကြီးများအနေဖြင့် နှစ်စဉ်သက်တမ်းတိုးအခွန်၊ ပြေးဆွဲခွန်၊ ဒေသအလိုက် ကုန်တင်ယာဉ်လုပ်ငန်းများမှတ်ပုံတင်ခြင်း စသည့် ခေါင်းစဉ်အမျိုးမျိုးတပ် အခွန်အခများပေးဆောင်နေရသော်လည်း လမ်းခရီးတွင် တရားမဝင်ငွေကြေးတောင်းခံမှုများလည်းရှိရာ မော်တော်ယာဉ်လုပ်ငန်းရှင်များအနေဖြင့် မော်တော်ယာဉ်ပြင်ဆင်စရိတ်၊ အပိုပစ္စည်း ဈေးနှုန်းနှင့် လုပ်သားခဈေးနှုန်းကြီးမြင့်မှုကြောင့် အကျိုးအမြတ်နည်းပါးကြောင်း သိရသည်။

(မောင်ပြည်သူ-မန္တလေး)

မိုးရွာသွန်းမှုကြောင့် အပူရှိန်လျော့နည်း၍ မြို့သူမြို့သားများ ဝမ်းမြောက်

ရေတာရှည် မေ ၂၄

လွန်ခဲ့သည့် နှစ်ရက်ခန့်မှစ၍ နေ့အပူရှိန်များ မြင့်တက်ခဲ့ရာ ဒေသတွင်းနေပြည်သူများမှာ နာခေါင်းသွေးယိုခြင်း၊ သတိလစ်မေ့မြောခြင်းနှင့် ရေဓာတ်ဆုံးရှုံးမှုများကြောင့် မူးဝေအော့အန်မှုများ ကြုံတွေ့ခဲ့ရပြီး မေ ၂၂ ရက် ညနေ ၄ နာရီခွဲခန့်မှစပြီး လေပြင်းများတိုက်ခတ်၍ မိုးများထစ်ချုန်းရွာသွန်းခဲ့သဖြင့် အပူရှိန်များ သိသာစွာ လျော့နည်းကျဆင်းသွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်၍ မိုးရွာမှုကြောင့် ပျက်စီးဆုံးရှုံးမှုများမရှိသော်လည်း စွတ်စိုသော အအေးဓာတ်ကြောင့် သက်သောင့်သက်သာဖြစ်ရကြောင်း၊ ယခုအချိန်သည် အသီးအနှံများ ရိတ်သိမ်းပြီးချိန်ဖြစ်၍ ဆုံးရှုံးမှုမရှိဘဲ အစိုဓာတ်လိုအပ်လျက်ရှိသော ကြံစိုက်တောင်သူများအဖို့ များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

(၅၇၈)

အင်းစိန်မြို့နယ်၌ ယာဉ်ကိုယ်ထည်ဖြတ်တောက်စဉ် မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၂၄

အင်းစိန်မြို့နယ် မြို့သစ်(က/ခ) ရပ်ကွက်၌ ယာဉ်ကိုယ်ထည်အဟောင်းများအား ဖြတ်စက်အသုံးပြု၍ ဖြတ်တောက်စဉ် ဆီတိုင်ကီအတွင်းရှိ ဆီကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် အင်းစိန်မြို့နယ် မြို့သစ်(က/ခ)ရပ်ကွက် (က/၆)လမ်း အမှတ်(၃၃၉)နေ ဦးဇော်ဝင်း (၃၅)နှစ်၏ နေအိမ်နှင့်ကပ်လျက် အမှတ်(၃၄၀) ခြံကွက်လပ်အတွင်း၌ ယာဉ်ကိုယ်ထည်အဟောင်းများအား ဖြတ်စက်အသုံးပြု၍ ဖြတ်တောက်စဉ် ဆီတိုင်ကီအတွင်းရှိ ဆီကျန်မှ မီးစတင်လောင်ကျွမ်းရာ ရပ်ကွက်အတွင်းရှိ ပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၇ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ ယင်းမီးလောင်မှုကြောင့် မီးပေါ့ဆစွာသုံးစွဲသူ ဦးဇော်ဝင်းအား အင်းစိန်ရဲစခန်းက (ပ) ၄၃၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အရေးယူထားကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

အရက်အလွန်အကျွံသောက်စားမှုးယစ်ရာမှ သေဆုံးမှုဖြစ်

ပေါင်းတည် မေ ၂၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ ရွှေတည်(၂)ရပ်ကွက် နန်းဦးလမ်း နန်းရာပြည့်စေတီတော်၏ အနောက်ဘက် ကိုက် ၁၀၀ ခန့်အကွာရှိ အကျယ်လေးပေ၊ အနက်လေးပေခန့်ရှိ ရေခန်းခြောက်နေသော ရေအိုင်အတွင်း၌ ဦးကျော်သိန်း (ခ) ဦးကျော်ကျော် (၅၆) နှစ် နွယ်ချို(၁) ရပ်ကွက် ပေါင်းတည်မြို့နေသူသည် အရက်အလွန်အကျွံသောက်စားမူးယစ်ပြီး သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ပေါင်းတည်ရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် ၄/၂၀၁၃ ဖြင့် အမှုဖွင့်အရေးယူထားပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မြောင်းမြကြီးတံတားအဆင်း၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးသေဆုံး

မြောင်းမြ မေ ၂၄

မေ ၁၄ ရက် ညနေ ၃ နာရီခွဲခန့်တွင် မြောင်းမြကြီးတံတားအဆင်း မိုင်တိုင်အမှတ်(၄၆/၆)တွင် ဆိုင်ကယ်နှစ်စီး တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြောင်းမြမြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်လှထွန်းသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ မြောင်းမြမှအိမ်မဲသို့ပြန်ရန် ခင်မောင်ချင်း မောင်းနှင်ပြီး နောက်တွင် ဒေါ်မိမိချို(ခ)ဒေါ်ခင်ဝင်းလှိုင် လိုက်ပါစီးနင်းသော ၃၂ယ/--- ဆိုင်ကယ်နှင့် ကျော်မိုး(ခ) ကရင် မောင်းနှင်ပြီး အလယ်တွင် ဦးဝင်းစိုး၊ နောက်တွင် ဦးချစ်စိုးတို့လိုက်ပါစီးနင်းကာ တံတားကူးကျေးရွာမှ မြောင်းမြမြို့ထဲသို့ မောင်းနှင်လာသည့် ၃၀ယ/--- ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ကျော်မိုး(ခ)ကရင် အသက် (၃၇) နှစ် တံတားကူးကျေးရွာ မြောင်းမြမြို့နယ်နေသူနှင့် ခင်မောင်ချင်း အသက်(၂၄)နှစ် ဝဲကြီးရွှေလောင်းရွာ အိမ်မဲမြို့နယ်နေသူတို့ သေဆုံးခဲ့ပြီး ဒေါ်မိမိချို(ခ)ဒေါ်ခင်ဝင်းလှိုင် အသက်(၃၄)နှစ် ဝဲကြီးရွှေလောင်းရွာ အိမ်မဲမြို့နယ်နေသူမှာ ယာမျက်ခုံးအထက် တစ်လက်မခန့် ပေါက်ပြဲဒဏ်ရာ၊ ယာမျက်လုံး ညိုမဲဒဏ်ရာ၊ ပါးစပ်နှာခေါင်း သွေးထွက်ဒဏ်ရာများ ရရှိခဲ့သဖြင့် မြောင်းမြပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ပြီး ဦးဝင်းစိုး အသက်(၄၃)နှစ် တံတားကူးကျေးရွာ မြောင်းမြမြို့နေသူမှာ ဝဲဘက်မျက်လုံး အထက်အောက် ပေါက်ပြဲဒဏ်ရာနှင့် ဝဲနားသွေးယိုခြင်း ဒဏ်ရာများရရှိခဲ့သည်။ ယာဉ်အား ပေ့ါလျော့စွာ မောင်းနှင်မှုကြောင့် သေဆုံးဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်လှထွန်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် မြောင်းမြရဲစခန်းမှ ယာဉ်(ပ)၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၈ အရ အမှုဖွင့်အရေးယူကာ အမှုစစ် ဒုရဲအုပ်ကျော်မိုး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်မင်းသွင်(မြောင်းမြ)

မီးသတ်ဆေးသောက်သေဆုံးမှု ပြန်အောင်မြို့၌ ဖြစ်ပွား

မြန်အောင် မေ ၂၄

မြန်အောင်မြို့နယ် ကနောင်ဆေးရုံ၌ မေ ၁၇ ရက် ညနေ ၄ နာရီခွဲခန့်တွင် ရင်းတိုက်ကျေးကန်းကျေးရွာမှ မတ်ပဲပိုးသတ်ဆေးသောက်၍ လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ ရွှေကျင်ရဲစခန်းမှ ဒုရဲအုပ်မျိုးသက်လွင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးကြည့်ရှုရာ သေဆုံးသူမှာ မခင်မာမြင့် (၂၁)နှစ် ရင်းတိုက်ကန်းကျေးရွာ မြန်အောင်မြို့နယ်နေသူဖြစ်ကြောင်း သိရသည်။ အဆိုပါ သေဆုံးသူ မခင်မာမြင့်မှာ ယခင်က အစာအိမ်ရောဂါဟောင်းရှိသူဖြစ်သဖြင့် နေအိမ်၏အိပ်ခန်းထဲတွင် အော့အန်နေသည်ကို အိမ်သားများက အစာအိမ်ရောဂါကြောင့် အော့အန်နေခြင်းဖြစ်သည်ဟု ထင်မှတ်ပြီး ကနောင်ဆေးရုံသို့ တင်ပို့စမ်းသပ်စစ်ဆေးရာ မတ်ပဲပိုးသတ်ဆေးသောက်၍ သေဆုံးသွားခြင်းဖြစ်ကြောင်း စစ်ဆေးသိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိရန် ဒုရဲအုပ်မျိုးသက်လွင်၏ တိုင်တန်းချက်အရ ရွှေကျင်ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၁/၂၀၁၃ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ပုသိမ်-လှကြည်)**

ပြည်တွင်းရေးရာ

တာဝန်သိသူ၊ တာဝန်ရှိသူနှင့် စားသုံးသူအခွင့်အရေး

ဝဏ္ဏအောင် (ဗိုလ်ချော)

တော် ၁၉ ရက်ထုတ် ကြေးမုံသတင်းစာပါ "ဒါဖတ်ပြီးမှ မကွေးမှာထမင်းစားပါ" ဆောင်းပါး၊ မတ် ၂၄ ရက်ထုတ် "ဦးသောင်းမြင့်လိုလူစား အများကြီးလိုပါသည်"၊ ဧပြီ ၃ ရက်ထုတ် "ဦးသောင်းမြင့်နှင့် စားသုံးသူအခွင့်အရေး" ဆောင်းပါးများကို ဖတ်ရှုရပြီး စာရေးသူအနေဖြင့် ဖြည့်စွက်တင်ပြချင်တာလေးများ တဖွားဖွားပေါ်ခဲ့ပါသည်။ အားလုံးသော ဆောင်းပါးများ၏ ဦးတည်ချက်နှင့် အကျိုးကျေးဇူးကို အသိအမှတ်ပြုမိပါသည်။ လေးစားမိပါသည်။ ဒီမိုကရေစီခေတ်၏ စတုတ္ထမဏ္ဍိုင်ကို ကျန်ပိတိပီပြင်အောင် ဖော်ဆောင်နေကြပြီဟု ထင်မြင်မိပါသည်။

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်က ဦးသောင်းမြင့်ကတော့ တာဝန်သိစားသုံးသူတစ်ဦးဖြစ်လို့ သူ့ရဲ့ Rights ကို မီဒီယာအကူအညီနဲ့ ဖော်ထုတ်ခဲ့တာကိုတွေ့ရပါတယ်။ သူလိုမျိုးနွမ်းပါးတဲ့ စားသုံးသူပြည်သူများလည်း ဒီလိုဖြစ်ရပ်မျိုးတွေ ကြုံခဲ့ကြရဖူးမှာပါ။ စာရေးသူကိုယ်တိုင်လည်း အထက်မြန်မာပြည်ဘက်ခရီးဆက်တိုင်း လမ်းခရီးမှာ ဖကြာခဏ ကြုံတွေ့ခဲ့ဖူးပါသည်။ ထိုစဉ်က မခံမရပ်နိုင်ဖြစ်ခဲ့ရမှုကို သည်းခံစိတ်ဖြင့်ဖြေဖျောက်ခဲ့ရသည်မှာ အကြိမ်ကြိမ်ပင် ဖြစ်သည်။ မိတ်ဆွေသူငယ်ချင်းတစ်ယောက်ကို ဖွင့်ဟဆွေးနွေးကြည့်မိတော့လည်း သူက "မင်းဟာကွာ ကိုယ်တစ်ယောက်ထဲမှမဟုတ်တာ၊ သူများတွေလည်း ဒီလိုပဲခံနေကြရတာ၊ မင်းဘယ်ကိုသွားတိုင်မှာလဲ၊ ဘယ်သူကရော ဒါလေးကို ဂရုတစိုက်နဲ့လိုက်ဆောင်ရွက်ပေးမှာလည်း၊ ဒါတွေလိုက်လုပ်နေမှ ကိုယ့်အိတ်ထဲကပိုက်ဆံတွေပါသွားလိမ့်မယ်" တဲ့။ ကဲ ကောင်းရော၊ စာရေးသူ တော်တော်မကျေမနပ်ဖြစ်မိသလို ဖြည့်ပရောက်စဉ်က အတွေ့အကြုံလေးတစ်ခုကို သတိရသွားလို့ ဖောက်သည်ချပါရစေ။ ဟိုက Food Center ခေါ်တဲ့စားသောက်တန်းတစ်ခုမှာ စာရေးသူတို့ပင်ရောက်စားသောက်နေစဉ် ဘေးစားပွဲမှ စားသုံးနေသူမိသားစုက ယဉ်ကောဝ်တစ်ကောဝ်ကျလို့ပြဿနာထဖြစ်နေတာတွေ့ရပါတယ်။ ဆိုင်ရှင်ကခြေသလုံးဖက်မတတ် တောင်းပန်နေတာကိုလည်း တွေ့မြင်ကြားနေရတယ်။ ပြီးတော့ သက်ဆိုင်ရာကလူတွေနဲ့ ဆိုင်ရှင်နဲ့ ဆက်လက်ဖြေရှင်းနေကြတာတွေ့ရတော့ ဘေးမှစာရေးသူမိတ်ဆွေ (စင်ကာပူနိုင်ငံသား) ကို အကျိုးအကြောင်းမေးကြည့်မိတယ်။ ဒါဟာ သူတို့ဆီက Law အရ ဆောင်ရွက်တာပါတဲ့။ ဒီမှာ ယင်ကောင်ရှိလို့မရဘူး။ ကြွက်ရှိလို့မရဘူး။ အနံ့အသက်မကောင်းလို့မရဘူး။ သန့်ရှင်းသပ်ရပ် ကျန်းမာရေးနဲ့ညီအောင် ထိန်းကွပ်တဲ့ဥပဒေတွေရှိတယ်။ အရေးယူဆောင်ရွက်တဲ့ စစ်ဆေးရေးမှူး (Inspector) တွေရှိတယ်တဲ့။ သူညွှန်ပြလို့စားသောက်တန်းမှာ ကပ်ထားတဲ့ စာကိုဖတ်ကြည့်မိတော့ အခု ကျွန်တော်တို့ပြောနေတဲ့ Consumer Rights ဆိုတာတွေကို အတိုင်းသားတွေ့ခဲ့ရတယ်။ စားသုံးသူမကျေနပ်ရင် မှန်ကန်တဲ့အချက်အလက်နဲ့ ဥပဒေကပေးထားတဲ့ အခွင့်အရေးအရ တိုင်တန်းခွင့်ရှိပါတယ်။ ငြိစွန်းတဲ့သူတွေကတော့ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ စစ်ဆေးအရေးယူမှုကို ခံကြရမယ်။ တံစိုးလက်ဆောင်ပေးခွင့်မရှိ၊ ဒါကို သူတို့အလေးထားတယ်လို့ ဆိုကြတယ်။

အဲဒီတုန်းက စာရေးသူပြန်လှန်သုံးသပ်ကြည့်မိရင် တစ်ချိန်မှာတော့ တို့တိုင်းပြည်မှာ ဒီလိုတော့ဖြစ်သင့်တယ်လို့ အကြံပြုဖို့ စဉ်းစားထားမိခဲ့တယ်။ အခုလို မကွေးက ဦးသောင်းမြင့်တို့ ကိစ္စတွေ့တော့ ငုပ်လျှိုးနေတဲ့ သန္တာကျောက်တန်းကြီး ရေပေါ်ကို ဘွားခနဲပေါ်လာသလို အစီအရီပေါ်လာတော့တယ်။

စာရေးသူ၏ အဖေမသေခင်က ပြောခဲ့ဖူးသည်။ "အလိမ်ခံရတာ၊ လိမ်တဲ့သူတော်တာမဟုတ်ဘူးကွ၊ မင်းတို့ ညံ့လို့တဲ့။ ကျွန်တော်တို့ စားသုံးသူတွေညံ့လို့ပဲလို့တွေးရမလိုဝင်၊ ဘဝင်တော့သိပ်မကျလှ။ မည့်အောင် ကျွန်တော်တို့ ဘာတွေလုပ်သင့်လဲ။ Consumer Rights ဆိုတာသိဖို့လိုလာပါပြီ။ အဲဒီလိုပဲ ဒါကိုဖော်ထုတ်တင်ပြ တိုင်တန်းတတ်တဲ့ (Complaint) အလေ့အကျင့်လိုလာပါပြီ။ ဒါကိုပဲ အရေးယူဆောင်ရွက်နိုင်မည် ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ လိုလာပါပြီ။ အဲဒီဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကိုပဲ အကောင်အထည်ဖော်ကြမယ် အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society)၊အစိုးရဘက်တာပန်ရှိ ပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်ရာ ဌာနအသီးသီးကလည်း တာဝန်ယူမှု၊ တာဝန်သိမှုတွေနဲ့ အဂတိကင်းပြီး ဆောင်ရွက်တတ်မှုတွေ လိုလာသည်ဟု တစ်ဆက်တည်းတွေးဆမိပါသည်။

အမိကကတော့ စားသုံးသူများကိုယ်တိုင်က စားသုံးသူ အခွင့်အရေးတွေဟာ ဘာတွေလဲဆိုတာ သိဖို့လိုအပ်သလို မီဒီယာ၊ သတင်းစာ၊ ဂျာနယ်များမှာ ပါပါလာတဲ့ စားသုံးသူ အသင်းဆိုတာတွေကလည်း အသိပညာ (Knowledge) တွေပေးဖို့ လိုအပ်သည်ဟု စာရေးသူယူဆမိပါသည်။ ဒါတွေကိုလည်း တိုင်ပင်ဖော် တိုင်ပင်ဖက် သူငယ်ချင်းတစ်ယောက်ကို ဆွေးနွေးကြည့်တော့ သူက "စားသုံးသူအသင်းတွေကတော့ ဟုတ်ပါပြီ၊ ဒီအသင်းအဖွဲ့တွေက တို့လိုစားသုံးသူတွေအတွက် ဘယ်လိုအကာအကွယ်ပေးမှာလဲ၊ ခိုင်မာမှုရောရှိရဲ့လား၊ သက်ဆိုင်ရာ အစိုးရရဲ့ တရားဝင်ခွင့်ပြုချက် မှတ်ပုံတင် Register မရှိဘဲ လုပ်နေကျရင်ကော ဥပဒေကို ချိုးဖောက်ရာကျနေမလား၊ ဒီလိုလုပ်လို့ရော ဥပဒေပိုင်းဆိုင်ရာက ပြဋ္ဌာန်းထားချက်တွေ၊ အကာအကွယ်ပေးမယ် ဥပဒေတွေကော တို့မြန်မာပြည်မှာ ရှိနေရဲ့လား၊ ရှိနေရင်လည်း ဘာကြောင့်ဆောင်ရွက်မှုမဖြစ်နိုင်သေးတာလဲ၊ ဒီ Law တွေကို ကိုင်တွယ်ဆောင်ရွက်နိုင်မယ် တာပန်သိ၊ တာပန်ရှိအစိုးရအဖွဲ့တွေကော ရှိနေပြီလား၊ အခု "တိုင်ကြားနိုင်ပါသည်" ဆိုတာလေးနှင့် ဘယ်လောက်ခရီးပေါက်နိုင်မှာလဲ စသည့် စသည့် မေးခွန်းပေါင်းများစွာနှင့် စာရေးသူကို နှိပ်ကွပ်ပါတော့တယ်။

သူပြောတာတွေဟာ တကယ်ပဲလိုနေတာတွေလား၊ သူမသိတာပဲလား၊ သူ့လိုမျိုး စားသုံးသူဘက်ကကော ထင်မြင်ယူဆမှုတွေရှိနေသလားဆိုတဲ့ လားပေါင်းများစွာနှင့် စာရေးသူကိုယ်တိုင် ကွဲကွဲပြားပြား သိချင်စိတ်တွေ ဖြစ်မိပါသည်။ အမှန်တော့ ဒီလိုအဖွဲ့အစည်းမျိုး၊ အသင်းအဖွဲ့မျိုးတွေဟာ ရှိသင့်ပါပြီ။ တရားဝင်ရပ်တည်နိုင်ရန်၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ နည်းနာနိဿယများနှင့် ညီညွတ်စွာဆောင်ရွက်နိုင်ရန် ကူညီအားပေးသင့်ပါသည်။ ယခုလိုမျိုး နိုင်ငံ၏ မြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဖော်ဆောင်ချိန်တွင် လူထုလူတန်းစား အဖွဲ့အစည်းများအားလုံးသည် အမှန်ပင် လိုအပ်နေပြီဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်ကြားမှုများတွင်လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ အောင်မြင်အောင်ဆောင်ရွက်ရာတွင် အစိုးရပိုင်ပုဂ္ဂလိကများ သာမက အရပ်ဘက်လူ့အဖွဲ့အစည်းများကလည်း တတ်နိုင်သလောက် ဝိုင်းဝန်းဆောင်ရက်ကြဖို့ လိုသည်ဟု ဆိုလိုတာတွေ့ရပါတယ်။ ဒါကြောင့် မိမိတို့အသိ၊ မိမိတို့အတွေ့အကြုံနဲ့ စိတ်ရင်းကောင်းစေတနာများမြင့် အဂတိကင်းကင်းဆောင်ရွက်လိုသော ပုဂ္ဂိုလ်များနဲ့ တရားဝင်အဖွဲ့အစည်းများကို စာရေးသူအနေဖြင့် လိုက်လိုက်လဲလဲ ကြိုဆိုပါသည်။ ပါဝင်ဆောင်ရွက်ခွင့်ရလျှင်ပင် ဆောင်ရွက်မည်ဟု ရည်ရွယ်ထားပါသည်။ သာယာဖွံ့ဖြိုးသော နိုင်ငံသစ်တစ်ခုသို့ ပါဝင်ပူးပေါင်းဆောင်ရွက်ကြမည်ဆိုရင် ဦးသောင်းမြင့်တို့လို ပြည်သူများ၏ဘဝကို ကျွန်တော်တို့ ကူညီပံ့ပိုးနိုင်ကြမည်မှာ ဧကန်လွဲပေ။ ။

ပင်လောင်းမြို့အနီးတစ်ဝိုက်၌ မက်မန်းသီးခန့်အရွယ် မိုးသီးများကြွေ

တောင်ကြီး ဧပြီ ၂၄

ရှမ်းပြည်နယ်တွင် ယခုနှစ်နွေရာသီ အပူချိန်မြင့်မားခဲ့သည်။ မိုးမရွာမီ ဧပြီ ၂၂ ရက် မွန်းလွဲပိုင်းအထိ ပျမ်းမျှနေ့အပူချိန် ၃၇ ဒီဂရီ စင်တီဂရိတ်ခန့်အထိ ရှိခဲ့သဖြင့် အပူပိုသည်ဟုပြောနိုင်ကြောင်း တောင်ကြီးဒေသခံများက ပြောဆိုကြသည်။ ဧပြီ ၂၂ ရက် ညနေပိုင်းတွင် အနောက်ဘက်မှ လေပွေလှိုင်းများရွေ့လျားမှုကြောင့် မိုးရွာမည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ခန့်မှန်းသည့်အတိုင်း မိုးရွာသွန်းခဲ့သည်။ ရှမ်းပြည်နယ်အတွင်း အနှံ့အပြား ရွာသွန်းခဲ့ကြောင်းနှင့် အေးသာယာမြို့ တစ်ဝိုက်တွင် ဆီးသီးလုံးခန့်နှင့် ပင်လောင်းမြို့ တစ်ဝိုက်တွင် နှစ်စင်တီမီတာ မက်မန်းသီးအရွယ်ခန့် မိုးသီးများကြွေခဲ့ပြီး လေပြင်းတိုက်ခတ်ခဲ့သည်။ မိုးရွာသွန်းချိန် နာရီပက်ခန့် ကြာမြင့်ခဲ့ပြီး တောင်ကြီးမြို့တွင် သုည ဒသမ ၄၄ လက်မ၊ ပင်လောင်းမြို့တွင် ၁ ဒသမ ၁၈ လက်မ ခန့်ရရှိခဲ့ပြီး ညပိုင်းတွင်လည်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်းများရှိခဲ့သဖြင့် အပူချိန် ၃၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ခန့် ကျဆင်းသွားခဲ့သဖြင့် ကမ္ဘောဇပြည်နယ်သားများအကြိုက်တွေ့ခဲ့ရသည့် ရာသီဥတုဖြစ်ခဲ့ကြောင်းနှင့် ဆက်၍လည်း မိုးရွာမည်ရက်ကို မျှော်လင့်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(နိုင်ထွန်း-TGI)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၅-၄-၂၀၁၃ (ကြာသပတေးနေ့)

၅း၄၀	"ခန္ဓာငါးပါးအကြောင်းရှင်းပြပုံ ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်" တရားတော် (မံုလယ်ဆရာတော် ဘဒ္ဒန္တသီလ)
၈း၃၀	ကလေးတို့အတွက်လမ်းညွှန် (CHOCOLATE HEAVEN)
၉း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော့ရှင်မှု" (အပိုင်း-၈၅)
၉း၃၅	နယ်ဥဆန်းထွင်ပန်းအလှဆင် (အရုပ်မြင်းလေးများဖြင့် အလှဆင်ခြင်း)
၁၀း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Shwe Panlaw Co.,Ltd 8th Annual Staff Party)
၁၁း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှပေးစွမ်းသော" (အပိုင်း-၂၉)
၆း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၄၂)
၇း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေလဆရာရှွေဖူးစာ" (အပိုင်း-၇)
၈း၁၅	PAST & PRESENT SOE THU Live Show (Part-8)
၈း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော့ရှင်မှု" (အပိုင်း-၈၆)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချင်ခြင်းပေးစွမ်းသော" (အပိုင်း-၃၀)
၂း၁၅	Intellectual Talk "မြန်မာ့ရုပ်ရှင်ခရီးလမ်း" (ဒါရိုက်တာကြည်စိုးထွန်း၊ မျိုးမြတ်သူ)
၄း၄၅	မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်း အရောင်းပြခန်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း (မုံရွာ/စစ်ကိုင်း/ရွှေဘို)မြို့များတွင် ၂၀၀၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၄)ထပ်တိုက်(၃)လုံးနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသား ပုဂ္ဂလိက ဆောက်လုပ်ရေး လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါဝေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၇၁-၂၄၈၇၂ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၄-၂၀၀၃ ရက်မှ စတင်ရောင်းချမည့်ဖြစ်ပြီး စိတ်ပါပင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော အချက်အလက်ပုံစံ၊ တင်ဒါအာမခံကြေး ဝေးသွင်းမှုလန်နှင့် ဈေးနှုန်းများ ပြည့်စုံစွာဖြင့် တင်ဒါစိစစ်ရေးကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးသို့ ၇-၅-၂၀၁၃ ရက် ညနေ ၁၆း၀၀ နာရီအရောက် တင်ဒါဝေးသွင်းနိုင်ကြောင်းနှင့် တင်ဒါပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့



ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အထက မုရစ်ကလေး ဆဋ္ဌမတန်း(ခ)မှ မောင်ရိုင်းသန့်ဇော်၏ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း၊၁၂/သကတ(နိုင်)၀၇၇၄၇၇၊ဖြစ်ပါကြောင်း။
ဦးအောင်ဝင်း

အမည်တစ်ဦးတည်းဖြစ်ကြောင်း
နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ တိုက်(၈၂)နေ ဦးအေးမင်းသူ[၉/မရမ(နိုင်)၀၇၁၄၈၁]နှင့် ဦးအေးညီညီသည် အမည်တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဦးအေးမင်းသူ(ခ)ဦးအေးညီညီ

"မိး" သတိပြု

ခွေးပျောက်ဆုံးခြင်း
ဝင်းဒါမီယာနေအိမ်မှ ရှီဝါးပါး အမျိုးအစား၊ အသားရောင်၊ ၁ပ လသားအရွယ်၊ နှာခေါင်းအစက်နှင့် အမည်း Smudge အား တွေ့ရှိပါက အောက်ပါဖုန်းသို့ ဆက်သွယ်ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
Ph:557448, Ex 7113

တေဇ(၁) နှစ်(၄၀)ပြည့် ဆရာကန်တော့ပွဲ
ဆရာတပည့်နှစ်စဉ် Golf ပွဲ၊ ဆရာကန်တော့ပွဲနှင့် ညစာစားပွဲကို (၁၄)ကြိမ်မြောက် ပြုလုပ်မည်ဖြစ်၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

Golf သီးရိုက်ပြိုင်ပွဲ
နေ့ရက်/အချိန် ။ ၄-၅-၂၀၀၃ ရက်(စနေနေ့)၊ နံနက် ၅း၃၀ နာရီ
နေရာ ။ တပ်မတော် Golf ကွင်း(မင်္ဂလာဒုံ)

ဆရာကန်တော့ပွဲ
နေ့ရက်/အချိန် ။ ၅-၅-၂၀၁၃ ရက်(တနင်္ဂနွေနေ့)၊ နံနက် ၉း၀၀ နာရီ
နေရာ ။ ဘိုးဘွားရိပ်သာ၊ သီရိရတနာခန်းမ(ကမ္ဘာအေးစေတီလမ်း)

ညစာစားပွဲ
နေ့ရက်/အချိန် ။ ၅-၅-၂၀၁၃ ရက်(တနင်္ဂနွေနေ့) ည ၁၈း၀၀ နာရီ
နေရာ ။ ရွှေတောင်ကုန်း Hotel၊ သီရိမင်္ဂလာလမ်း(အင်းစိန်)

တေဇ(၁)စီစဉ်သူများအဖွဲ့



Billboard ၏ အကောင်းဆုံးပေါ့ပ်သီချင်းစာရင်း ၁၀ ကြိမ်တိုင် နံပါတ် ၁ ရပ်တည်နိုင်ခဲ့သည့် တေးသံရှင် ရီဟားနား

ပေါ့ပ်သီချင်းကောင်းများကို ရေဒီယိုများမှ တစ်ဆင့် ထုတ်လွှင့်တင်ဆက်ပေးခဲ့ရာ အဆိုတော် ရီဟားနားက Billboard ၏ အကောင်းဆုံးပေါ့ပ်သီချင်းစာရင်းတွင် နံပါတ် ၁ တေးသီချင်းများ အနေဖြင့် ၁၀ ကြိမ်တိုင်တိုင် ရပ်တည်နိုင်ခဲ့သည့် ပထမဆုံးသော တေးသံရှင်ဖြစ်လာခဲ့ပြီဖြစ်သည်။

ရီဟားနားသည် ၂၀၀၆ ခုနှစ်က Stay၊ Diamonds သီချင်း၊ S.O.S သီချင်း၊ Take a Bow၊ Disturbia၊ Live Your Life၊ Rude Boy၊ Love the Way You Lie၊ Only Girl (In the World)၊ S&M၊ We Found Love သီချင်းအယ်လ်ဘမ်များဖြင့် Billboard ၏ အကောင်းဆုံးပေါ့ပ်သီချင်းများစာရင်းတွင် ၁၀ ကြိမ် တိုင်တိုင်ရပ်တည်နေခဲ့သည်။

ဆက်လက်ပြီး အသက် (၂၅) နှစ်အရွယ်ရှိ ပေါ့ပ်ကြယ်ပွင့် ရီဟားနား၏ Rihanna 777 Tour Live အမည်ရှိ မှတ်တမ်းကို မေ ၇ ရက်တွင် စတင်ဖြန့်ချိမည်ဖြစ်ပြီး FOX TV မှ မေ ၆ ရက်တွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Psy ၏ အယ်လ်ဘမ်အသစ်အား ကေဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသရန် တားမြစ်

တောင်ကိုရီးယားအဆိုတော် Psy ၏ အသစ်ထွက်ရှိလာခဲ့သည့် Gentleman အယ်လ်ဘမ်အသစ်သည် စတင်ထွက်ရှိသည့်နေ့ တစ်ရက်တည်းမှာပင် ကြည့်ရှုသူပရိသတ် ပေါင်း ၃၈ သန်းနှင့် တစ်ပတ်အတွင်း ကြည့်ရှုသူ သန်း ၁၇၀ ကျော်ရရှိခဲ့ကာ အောင်မြင်မှုများရရှိခဲ့သော်လည်း တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံး ရုပ်မြင်သံကြား ကွန်ရက်တစ်ခုဖြစ်သည့် ကေဘီအက်စ်ရုပ်သံလိုင်းမှ ယင်းတေးသီချင်းဗီဒီယိုအား နိုင်ငံတစ်ဝန်းသို့ ထုတ်လွှင့်ပြသမှုကို တားမြစ်ထားခဲ့သည်။

ကေဘီအက်စ် ရုပ်သံလိုင်း၏ အဆိုအရ ယင်းဗီဒီယိုတွင် အများပြည်သူကြည့်ရှုရန်မသင့်တော်သော အများပြည်သူတို့၏ ယုံကြည်မှုများကို အလွဲသုံးစား ဖြစ်စေတတ်သော ရိုက်ကွင်းရိုက်တွက်များ ပါဝင်မှုကြောင့် အဆိုပါဗီဒီယိုအား နာမည်ပျက်စာရင်း သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရုပ်သံလိုင်းဆိုတာ အခြားသော မီဒီယာများဖြစ်တဲ့ အွန်လိုင်းရုပ်သံထုတ်လွှင့်မှု၊ အင်တာနက်နဲ့ အခြားသော ကေဘယ်ချန်နယ်တွေနဲ့ မတူပါဘူး။ တီဗီရုပ်သံလိုင်းဆိုတာ အမျိုးသား၊ အမျိုးသမီး၊ လူကြီး၊ လူငယ်များ ပါမကျန် အားလုံး ကြည့်ကြပါတယ်။ ရုပ်သံလိုင်းမှာ ထုတ်လွှင့်ပြသတဲ့ အစီအစဉ်တွေဟာ ကလေးတွေရဲ့ ဝေဖန်ပိုင်းခြားနိုင်မှု အသိဉာဏ်တွေ ဖွံ့ဖြိုးတိုးတက်စေမှုတွေအတွက် အထောက်အကူပြုရမှာဖြစ်ပါတယ်"ဟု ကေဘီအက်စ် ရုပ်သံလိုင်းမှ ရှင်းလင်းပြောကြားခဲ့သည်။

အနာဂတ်တွင်လည်း ဒါရိုက်တာအန်းလီနှင့်သာ ဆက်လက် လက်တွဲလိုတဲ့ Suraj Sharma

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သော (၈၅) ကြိမ်မြောက် အော်စကာဆုပေးပွဲတွင် အော်စကာဆုရ ဇာတ်ကားတစ်ကားဖြစ်သည့် Life of Pi ဇာတ်ကားမှ အိန္ဒိယသရုပ်ဆောင် Suraj Sharma က ယင်းဇာတ်ကားတွင် ဒါရိုက်တာ အန်းလီနှင့်အတူ လက်တွဲခဲ့ရခြင်းအပေါ် ကျေနပ်နှစ်သက်မိပါကြောင်းနှင့် ဆက်လက်၍လည်း ၎င်းနှင့်အတူ ဇာတ်ကားများ ဆက်လက်ရိုက်ကူးမည်ဆိုသော ကြောင့် အလွန်အင်မတန် ဝမ်းသာပီတိဖြစ်ရပါကြောင်း ပြောကြားခဲ့သည်။

အသက်(၂၀)အရွယ်ရှိ မင်းသား Suraj Sharma က အနာဂတ်တွင် ၎င်းရိုက်ကူးမည့် ဇာတ်ကားများကိုလည်း Life of Pi ဇာတ်ကားမှ အကောင်းဆုံးဒါရိုက်တာဆုရ ဒါရိုက်တာ အန်းလီနှင့် လက်တွဲဆောင်ရွက်ရပါစေဟု ဆုတောင်းပါကြောင်း အဝီနေ့က ထုတ်ဝေသည့် အိန္ဒိယတိုင်းမ်သတင်းစာ၏ အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

သရုပ်ဆောင် Sharma ၏ နောက်ထပ် ခြေလှမ်းသစ်တစ်ရပ်အနေဖြင့် ဟောလိဝုဒ်ဇာတ်ကားတစ်ကားဖြစ်သော Million Dollar Arm ဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းဇာတ်ကားသည် အိန္ဒိယရှိ ခရစ်ကတ် အားကစားသမားများအကြား အလားအလာရှိမည့် ဘေ့စ်ဘောလိဂ်အတွက် အားကစားသမားများ ရွေးချယ်ပုံ ဘဝသရုပ်မှန်အတိုင်း ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားတစ်ကားဖြစ်ကြောင်း သိရသည်။

အော်စကာဆုပေးပွဲတွင် အကောင်းဆုံးဒါရိုက်တာဆုရ ဒါရိုက်တာအန်းလီနှင့် သရုပ်ဆောင် Suraj Sharma တို့အား တွေ့ရစဉ်။

ဆက်လက်ပြီး "Life of Pi ဇာတ်ကားမှာ ဒါရိုက်တာအန်းလီ ဆီကနေ ကျွန်တော်ရလိုက်တဲ့ ပညာတွေကတော့ အံ့မခန်းပါပဲ။ အရင်တုန်းက ကျွန်တော့်ဘဝမှာ ကိုယ့်ကိုယ်ကိုယ် ဘာလုပ်နေတယ် ဆိုတာကိုတောင် မသိတာတွေဖြစ်ဖူးပါတယ်၊ ဒီဇာတ်ကားရိုက်ပြီး နောက်ပိုင်းမှာတော့ ကျွန်တော် ဘယ်လိုပုံစံမျိုးနဲ့ ပရိသတ်ကို ချပြချင်တယ်ဆိုတာကိုပါ သိလာခဲ့ရပါတယ်"ဟု Sharma က ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းကဆက်လက်ပြောကြားရာတွင် "အရင်တုန်းက ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအနေနဲ့ ကင်မရာရဲ့ရှေ့မှာ၊ ကင်မရာနောက်ကွယ်မှာ ဘယ်လိုနေထိုင်ရတယ်၊ အောင်မြင်တဲ့ ဒါရိုက်တာတစ်ဦးဖြစ်ဖို့အတွက် လိုအပ်ချက်တွေကိုလည်း သိလာရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် **စုစည်းရေးသားသည်**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၅-၂၀၁၃ (ကြာသပတေးနေ့)

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀ ကျန်းမာဖို့အတွက်စားစို့
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၅၀ "ခေတ်ဦးရုပ်မြင်တေးသံစဉ်"
၁၁း၀၀ ဆိုကြမယ်၊ ချော့ကြမယ်
၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ကိုကိုဘာလို့မုန်းတာလဲ" (ဝတမပိုင်း)
(လူမင်း၊ သက်မွန်မြင့် ဇင်ဇင်ဇော်မြင့်) (ဒါရိုက်တာ - မိုးပွား)
၄း၄၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဝတမနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၅၅ ချစ်စရာ့အရွယ်ကကြူးသွယ် -"A(H7 N9)တုပ်ကွေးရောဂါ အကြောင်းတွေ့ဆုံဆွေးနွေးခန်း"



မြန်မာနိုင်ငံဆရာဝန်အသင်းပိုင်မြေနေရာ အကျိုးရှိစွာအသုံးချရေးနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်မည့်ကိစ္စ

(က) အထက်ပါ ကိစ္စနှင့် စပ်လျဉ်း၍ အလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ကွင်းဆင်း၍ ရှင်းလင်းတင်ပြဆွေးနွေးခြင်းကို ပြုလုပ်လျက်ရှိပါသည်။

(ခ) ထို့အပြင် အများဆန္ဒ သဘောထားနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထွေထွေအစည်းအဝေးကြီးကို မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟိုဦးစီး ကော်မတီဝင်များ၊ တစ်နိုင်ငံလုံးရှိ အသင်းခွဲကိုယ်စားပြု ဆရာဝန်များ၊ ဘာသာရပ်ဆိုင်ရာနှင့် အခြားလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

(ဂ) ထိုအစည်းအဝေးကြီးထင် အပြန်အလှန် ဆွေးနွေး၊ ထိုင်ပင်၊ ညှိနှိုင်း၊ ဆုံးဖြတ်ကြမည်ဖြစ်ပါသည်။

(ဃ) ကိုယ်စားလှယ်အမည်စာရင်းကို ၂၀၁၃ ခုနှစ်၊ မေလ ၁၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

(င) ထိုအစည်းအဝေးကြီးသို့ မိမိကိုယ်စားပြုအဖွဲ့၏ သဘောထားကို ရယူခဲ့ရပါမည်။

(စ) ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသော လုပ်ပိုင်ခွင့်များအရ အများဆန္ဒသဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

ပြေးလမ်းပေါ်မှာ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော် လေ့ကျင့်ရေးကွင်းတွင် ရဲဟိန်းရောက်နေ၏။ စောစောအချိန်ယူ၍ ရဲဟိန်းအပြေးလေ့ကျင့်နေခြင်းပင်။

အားကစားသမားတစ်ယောက်ဆိုတာ ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ယှဉ်တဲ့ကိုယ်လက်ကြံ့ခိုင်မှုကော စိတ်ဓာတ်ကြံ့ခိုင်မှုပါ အမြဲတမ်းရှိရမယ်သား။

ဖခင်ဦးရဲထွန်းက ရဲဟိန်းကိုအမှာစကားပါးလိုက်သည်။

"သားလိုအပြေးသမားတစ်ယောက်ကိုပဲကြည့်။ သားဟာတာထွက်ကနေ ပန်းဝင်တဲ့အထိ သားရဲ့ပြေးလမ်းတစ်လျှောက်မှာ ငါဘယ်လောက်ထိစံချိန်တင်အောင်ပြေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ရှိမနေပေဘူးလား။ အဲဒီဆုံးဖြတ်ချက်ကို မွေးမြူပေးတာကတော့ သားရဲ့စိတ်ဓာတ်ကြံ့ခိုင်မှုပဲ။ ကောင်းပြီ။ အချိန်ကိုက် ပန်းဝင်ဖို့ကျတော့ ကိုယ်လက်ကြံ့ခိုင်မှုမရှိဘဲနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒီတော့ စိတ်ဓာတ်ကြံ့ခိုင်ရုံသာမဟုတ်။ ကိုယ်လက်ကြံ့ခိုင်ဖို့ကိုပါ အမြဲတမ်းမွေးမြူတည်ဆောက်ထားရမှာက အားထစားသမားတစ်ယောက်ရဲ့ သမိုင်းပေးတာဝန်ပဲသား"။ ယင်းသည်သူ့ဖခင်၏ လေ့လာသုံးသပ်ချက်နှင့် ညွှန်ကြားချက်ပင်။

ဖခင်စကားကို အစဉ်နှလုံးသွင်းလျက် ရဲဟိန်းလေ့ကျင့်သည်။ သို့တိုင် ရဲဟိန်းတွင် တစ်စုံတစ်ယောက်ကို ပံ့ပိုးမှုတစ်ခုပြုဖို့ တာဝန်ရှိနေပေသည်။ အားကစားစိတ်ဓာတ်ကျနေသော ကျောင်းနေဖက်ငယ်သူငယ်ချင်း မေသူကို ရဲဟိန်းအနေနဲ့ စိတ်ဓာတ်မြှင့်တင်ပေးဖို့ပင်။

ယခင်က မေသူသည် ရဲဟိန်းနှင့်လေ့ကျင့်ဖက်။ ကျောင်းကြီးအပိတ်တွင် ဆွေမျိုးတွေရှိရာ အပ်ပိုင်းဒေသသို့ မေသူသွားပြီး ပြန်လာတော့ မြေပြောင်းရေပြောင်းကြောင့် မေသူသက်လုံလျော့၍ အမောဖောက်ချင်လာသည်။ အပြေးလေ့ကျင့်ဖို့လည်း စိတ်မပါသလို ဖြစ်လာသည်။ ဘယ်လိုပဲဖြစ်ဖြစ် ယင်းအခြေအနေတွင် ပြေးလမ်းပေါ်သို့ မေသူပြန်ရောက်လာအောင် ရဲဟိန်းဆွဲဆောင်နိုင်ရပေမည်။

ထေ့ကျင့်ခန်းနည်းလမ်းတစ်မျိုးဖြင့် ဆွဲဆောင်ဖန်တီးပေးဖို့ ရဲဟိန်းဆုံးဖြတ်ထားသည်။ ယင်းလေ့ကျင့်ခန်းနည်းလမ်းသစ်ကိုမှ ကမ္ဘာ့ကျန်းမာရေးလမ်းညွှန်စာအုပ်ထဲက ရဲဟိန်းရလာခြင်းပင်။

နှမ်းလျနေဟန် မေသူက ရဲဟိန်းကို စောင့်ကြို့နေသည်။ ရဲဟိန်းက မေသူအတွက် သချာပေါက်သက်လုံကောင်းလေ့ကျင့်ခန်းရလာပြီဆို၍ မေသူပျော်သွားသည်။ နေ့စဉ် မေသူလေ့ကျင့်ရမည့် သေချာပေါက်သက်လုံကောင်းလေ့ကျင့်ခန်းကိုရဲဟိန်းကိုယ်တိုင်လုပ်ပြသည်။ယင်းလေ့ကျင့်ခန်းသည် Running on the spot ခေါ် တစ်နေရာတည်းတွင် အပြေးလေ့ကျင့်ခြင်းပင်ဖြစ်သည်။

လေ့ကျင့်စမှာ မေသူမော၍ မကြာခဏနားရသည်။ ရဲဟိန်းစိတ်ရှည်သည်။ မေသူမောလျှင် အနားယူခိုင်းလိုက်၊ အားပေးလိုက်၊ အမောပြေသည်နှင့် ဆက်လေ့ကျင့်ခိုင်းလိုက်နှင့် နှစ်ပတ်အကြာ မေသူကျင့်သားရလာသည်။ ကျင့်ရင်းက မေသူအမောပျောသွားသည်။ တစ်လအကြာမှာ မေသူကို ပြေးလမ်းပေါ်သို့ ရဲဟိန်း ယှဉ်ခေါ်လာနိုင်သည်။ ရက်ပေါင်းတစ်ရာအကြာ မီတာနှစ်ရာပြေးပွဲမှာ ရှေ့ဆုံးက ဝန်းဝင်လာသော မေသူကို ရဲဟိန်းတွေ့ရသည်။

မေသူနှင့်ရဲဟိန်းတို့ အရှေ့တောင်အာရှအားကစားပွဲတော်အတွက် ပြေးလမ်းပေါ်မှာ ဆက်လက်လေ့ကျင့်လျက်။ (မြေနီသစ္စာ)

အလိုင်းရန့်အရိုနာ့ဒ် ဘိုင်ယန်က ဘာစီလိုနာကို ဂိုးပြတ်နိုင်

နိုင်လင်းကြည်

ချန်ပီယံလိဂ်ပြိုင်ပွဲကြီး၏ စိတ်ဝင်စားဖွယ်အကောင်းဆုံးပွဲစဉ်တစ်ခုဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် စပိန်လာလီဂါရပ်ဝန်းတွင် လွှမ်းမိုးအထားနိုင်ဆုံးဖြစ်သည့် ဘာစီလိုနာအသင်းတို့၏ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွင် ဧည့်သည်အဖြစ်လာရောက်ကစားရသော ဘာစီလိုနာအသင်း ဂျာမန်မြေ၌ ခေါင်းမဖော်ဝံ့အောင်ပြစ်ခဲ့ရပြီး ဘိုင်ယန်မြူးနစ်အသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ချန်ပီယံလိဂ်ချန်ပီယံအဖြစ် ရေပန်းစားခဲ့သော အဆိုပါနှစ်သင်း၏ ထိပ်တိုက်တွေ့ဆုံမှုတွင် နည်းပြဂျက်ဟေးနက်၏ ဘိုင်ယန်မြူးနစ်အသင်းသည် ဒဏ်ရာပြဿနာများ ကြုံနေရသော ဘတ်စတူဘာနှင့် တိုနီခရုစ်၊ ပွဲဝယ်ပြစ်ဒဏ်ကျခံထားရသော မာရီယိုမန်ဇူကစ်တို့ မပါဝင်နိုင်ခဲ့သော်လည်း ဖီးလစ်လမ်း၊ ဘိုတန်၊ ဒန်တီ၊ အလာဘာ၊ မာတီနက်ဇ်၊ ချဝီစတိန်းဝါး၊ သောမတ်မူလာ၊ ဂိုမက်ဇ်၊ ရော်ဘင်၊ ရီဘာရီ စသည့် ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ကာ ရော်ဘင်နှင့် ရီဘာရီတို့၏ တောင်ပံနှစ်ဖက်ကို အားပြု၍ ဝင်ဘလေကွင်းကြီးတွင် ယှဉ်ပြိုင်ရမည့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ရေး ခြေကုန်ထုတ်ကစားစေခဲ့သည်။

ဘာစီလိုနာအသင်းမှာမူ ပွဲပယ်ပြစ်ဒဏ်ကျခံထားရသည့် အက်ဒရီယာနို၊ ဒဏ်ရာပြဿနာကြုံနေသည့် မာရှေရာနိုနှင့် ကားလက်စ်ပူယိုးလ်တို့ မပါဝင်နိုင်ခဲ့ခြင်းကြောင့် ကွင်းလယ်အသားပေးကာ ၄-၃-၃ ကစားကွက်ဖြင့် ပိုဖော်ကာ မက်ဆီ၊ ဆန်းချက်ဇ်၊ ရိုဒရီဂတ်ဇ်၊ ဇာဗီဟာနန်ဒက်ဇ်၊ အင်နီယေစတာ၊ ဘတ်စကွက်၊ ဂျော်ဒီအယ်လ်ဘာ၊ ပီကေး၊ ဘာထရာနှင့် ဒန်နီယယ်အဲလ်ဗက်စ်တို့ကို ပွဲထွက်ကစားစေခဲ့သည်။

ယင်းပွဲစဉ်တွင် နှစ်သင်းစလုံးသည့် ချန်ပီယံလိဂ်ဖလားကို လေးကြိမ်စီဆွတ်ခူးထားသည့် အသင်းများပီပီ ပွဲကြည့်ပရိသတ်အား စိတ်လှုပ်ရှားဖွယ်ကောင်းသောရသကို ပေးမွမ်းခဲ့ကြပြီး အသင်းလိုက်စဖွဲ့မှုပိုမိုအားကောင်းသည့် ဂျာမန်သားအများစုကိုအားပြု၍ ပွဲထွက်လာသော ဘိုင်ယန်မြူးနစ်၏ တွဲဖက်ညီလှသော တန်ပြန်တိုက်စစ်ကို ဘာစီလိုနာကစားသမားများ အကောင်းပွန်ဆုံး ထိန်းချုပ်နိုင်ခဲ့ခြင်းမရှိဘဲ အိမ်ရှင်ဘိုင်ယန်အသင်းအတွက် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကြီးဆီသို့ တက်လှမ်းနိုင်ရေး အခွင့်အလမ်းတစ်ရပ် ဖြစ်ခဲ့ရသည်။

ဘိုင်ယန်မြူးနစ်နှင့် ဘာစီလိုနာတို့၏ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပြိုင်ဖွဲ့၏ အဆုံးသတ်ရလဒ်မှာမူ နည်းပြနှင့် ကစားသမားများ၏ အတွေ့အကြုံရင့်ကျက်မှုက အဆုံးအဖြတ်ပေးခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းက ဘာစီလိုနာအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို ၂၅ မိနစ်နှင့် ၈၂ မိနစ်တွင် သောမက်မူလာ၊ ၄၈ မိနစ်တွင် မာရီယိုဂိုမက်ဇ်နှင့် ၇၃ မိနစ်တွင် အာဂျန်ရော်ဘင်တို့ကသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်ကွင်းလယ်လူ မာရီယိုဂေါ့ဇီ ဘိုင်ယန်သို့ ပြောင်းရွှေ့ကစားမည်

ဂျာမနီဘွန်ဒက်လီဂါကလပ်ဒေါ့မွန်အသင်းမှ ကွင်းလယ်ကစားသမား မာရီယိုဂေါ့ဇီသည့် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့လာလိမ့်မည်ဟု ဘိုင်ယန်မြူးနစ်အသင်းက ကြေညာခဲ့ပြီးနောက် ပြောင်းရွှေ့ကြေးအများဆုံးရသည့် ကစားသမားတစ်ဦးဖြစ်လာခဲ့သည်။

ကွင်းလယ်ကစားသမား မာရီယိုဂေါ့ဇီသည့် ဒေါ့မွန်အသင်းမှ ထွက်ခွာရန် ဆန္ဒပြင်းပြနေကြောင်း ပြောကြားခဲ့ပြီးနောက် လာမည့်ဇူလိုင် ၁ ရက်တွင် ဂျာမနီဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားတော့မည့် ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ပြောကြားခဲ့သည်။

ယခင်က ဂျာမနီကစားသမားတစ်ဦးနှင့်ပတ်သက်သော ဈေးနှုန်းမြင့်မားသည့် အပြောင်းအရွှေ့မှာ ၂၀၀၉ ခုနှစ်အတွင်းက စတုဂတ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၆ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သော တိုက်စစ်မှူး မာရီယိုဂိုမက်ဇ်ပင်ဖြစ်သည်။

လက်ရှိတွင် ဒေါ့မွန်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားမည့် ကွင်းလယ်ကစားသမား မာရီယိုဂေါ့ဇီ၏ အပြောင်းအရွှေ့ဈေးနှုန်းမှာ စတာလင်ပေါင် ၃၁ ဒသမ ၅ သန်း(ယူရို ၃၇ သန်း) ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။





မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးလုပ်ငန်းလိုင်စင်ရရှိနိုင်ရေးအတွက်ဒီဂျီစဲလ်မှ ကုမ္ပဏီများနှင့်ပူးပေါင်းမှုပြုလုပ်

Digicel

(၂၀၁၃ ခုနှစ် ဇွန်လ (၄)ရက်၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ)

Digicel အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ချထားပေးသည့် ဆက်သွယ်ရေးလိုင်စင်သစ် (၂)ခုတွင် လိုင်စင်သစ်(၁)ခု ရရှိနိုင်ရေးအတွက် ကုမ္ပဏီများနှင့် ပူးပေါင်းမှုတစ်ခုကို စတင်လိုက်ပြီဖြစ်ကာ လိုင်စင်ရွေးချယ်ရေးလုပ်ငန်းစဉ်၏ အဆင့်တိုင်းအတွက်လည်း အကြီးအကျယ်အရွေ့တစ်ခု ဖြစ်လာမည်ဖြစ်သည်။ ယနေ့တွင်ပင် တင်ထားလိုက်ပြီဖြစ်ပါသည်။

ယခုလို ပူးပေါင်းမှုတွင် ဆက်သွယ်ရေး၊ ဘဏ္ဍာရေး ရင်းနှီးမြှုပ်နှံမှု အကျိုးပြုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံ အစရှိသည့်ကဏ္ဍ၏ ကျွမ်းကျင်သူများ ပူးပေါင်းပြီး Digicel Group, Quantum Strategic Partners Ltd နှင့် Yoma Strategic Holdings တို့ ပူးပေါင်းပါဝင်ထားခြင်းဖြစ်သည်။ ယင်းပူးပေါင်းမှုတွင် ကမ္ဘာ့အသိအမှတ်ပြု စီးပွားရေးလုပ်ငန်းရှင် (၃) ဦး ပါဝင်ကာ တစ်မူထူးသည့် ကျွမ်းကျင်မှုနှင့် ရှုမြင်ပုံများကို စုစည်းထားခြင်း ဖြစ်သည်။ ယင်းတို့မှာ -

- Denis O'Brien ၏ Digicel Group မှာ ကမ္ဘာ့နိုင်ငံများတွင် ဖွံ့ဖြိုးဆဲဈေးကွက်များ၌ မိုဘိုင်းဆက်သွယ်ရေးကို ဦးဆောင်ခဲ့ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပေးစွမ်းနေသည့် ထင်ရှားသော အဖွဲ့တစ်ခုဖြစ်သည်။
- George Soros ၏ Quantum Strategic Partners Ltd. မှာ ထူးခြားသည့် ဘဏ္ဍာရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်မှုများကို ယူဆောင်လာသည့် အဖွဲ့တစ်ခုဖြစ်သည်။
- Serge Pun မှာ မြန်မာနိုင်ငံအတွင်း လူသိများထင်ရှားသည့် ကမ္ဘာ့ရေချိန်မီ စီးပွားရေးလုပ်ငန်းရှင်ဖြစ်ပြီး Yoma Strategic Holdings အဖွဲ့ဝင် ပါဝင်သည့် YSH Finance Ltd. ၏ကုမ္ပဏီနှင့် ဆက်စပ်သည့် အဖွဲ့တစ်ခုဖြစ်သည်။

Quantum Strategic Partners Ltd. မှာ ငွေအရင်းအနှီးများဖြင့် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များ၊ ဝယ်ယူရေးကိစ္စများ၊ ရှည်လျားသော အချိန်ကာလ အတွက် ခိုင်မာသော စီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများတွင် အကျိုးအမြတ်ရရှိနိုင်သော ဘဏ္ဍာရေး ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်နေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ Soros Fund Management LLC (SFM) မှာ Quantum Strategic Partners အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ အကြံပေး လုပ်ငန်းဖြစ်သည်။ SFM အနေဖြင့် Soros ၏ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးများနှင့် ပတ်သက်ပြီး အကြံပေးအဖြစ် လုပ်ဆောင်နေခြင်းဖြစ်သည်။ ယင်းတွင် ဒေါ်လာဘီလီယံပေါင်းများစွာရှိသည့် ပူးပေါင်းရေးရန်ပုံငွေ ငွေကြေးများပါဝင်သည်။

